# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ သောကြာနေ့။ Friday, 28 April 2023 ၁၁၀၇၉


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(Global Security Initiative-GSI)အပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်

၂၀၂၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် က ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(Global Security Initiative–GSI)ကို အဆိုပြုခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် မကြာသေးမီက ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(GSI) သဘောတရားစာတမ်း (Concept Paper) ထုတ်ပြန်ခဲ့မှုကို နိုင်ငံခြားရေးဝန်ကြီးဌာနက ကောင်းစွာမှတ်သားမိသည်။ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(GSI)ကို အကောင်အထည်ဖော်ခဲ့သည့် တစ်နှစ်တာကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကမ္ဘာ့လုံခြုံရေးနှင့် ပတ်သက်၍ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှုများအတွက် မြန်မာနိုင်ငံက ချီးကျူးဂုဏ်ပြုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒသမတန်း(Grade-10) လူရည်ချွန် ကျောင်းသား ကျောင်းသူများ တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိလာရာ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြစဉ်။

## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒသမတန်း(Grade-10) လူရည်ချွန် ကျောင်းသား ကျောင်းသူများ တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၂၇

ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများကို စံနမူနာထားကာ ကျောင်းသားလူငယ်များကို ပြုစုပျိုးထောင်ပေးရန်ရည်ရွယ်ချက်ဖြင့် လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အဋ္ဌမတန်းလူရည်ချွန် ၁၆၀၊ ဒသမတန်းလူရည်ချွန် ၁၆၀၊ ကောဒသမတန်းလူရည်ချွန် ၁၅၈ ဦး စုစုပေါင်း ၄၇၈ ဦးကို မွေးထုတ်နိုင်ခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

### ယနေ့ဖတ်စရာ

**နိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်အား ဦးထိပ်ပန်ဆင် ပြိုင်ပွဲဝင်ကြမည့် အားကစားမောင်မယ်များအားလုံး ကြိုးပမ်းစွမ်းဆောင် အောင်မြင်ကြပါစေ**

ဆောင်းပါး စာမျက်နှာ » ၆

**သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်တွက်ဆပြီး အမြဲတမ်း အဆင်သင့် ဖြစ်နေအောင် ပြင်ဆင်ထားကြရန်လိုအပ်**

စာမျက်နှာ » ၈

**မူပိုင်ခွင့်နှင့် အမျိုးသမီးများ၊ ဆန်းသစ်တီထွင် တိုးမြှင့်တင်**

ဆောင်းပါး စာမျက်နှာ » ၁၀




ကြေးမုံ

# လူ့စွမ်းအားအရင်းအမြစ်များပျိုးထောင် အနာဂတ်နိုင်ငံတော်တည်ဆောက်

နိုင်ငံတစ်နိုင်ငံ အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး အောင်မြင်စေရန်အတွက် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသကဲ့သို့ နိုင်ငံသူ နိုင်ငံသားများ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးသည်လည်း အရေးကြီးသည်။ နိုင်ငံတော် ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားများ၏ မြင့်မားသည့် အသိဉာဏ်ပညာစွမ်းပကားနှင့် တည်ဆောက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်၊ ကိုယ်ကျင့်တရားကို တန်ဖိုးထားသည့်စိတ်၊ ကြိုးစားအားထုတ်မှုနှင့်တီထွင်ဖန်တီးလိုစိတ်များရှိရန် အထူးလိုအပ်သည်။

ယင်းတို့ကို ပညာရေးမှ အခြေခံအုတ်မြစ်များ ချထားပေးသည်။ ဘက်စုံထူးချွန်သောလူငယ်လူရွယ်များ ဖြစ်လာရေးအပြင် ကျွမ်းကျင်တတ်မြောက်သည့်ပညာများနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်များကို ပျိုးထောင်ဖန်တီးပေးလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံ၏အနာဂတ်ကို ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ အများနှင့်စုပေါင်းနေထိုင်တတ်စေရန်၊ အများအကျိုးကို ဆောင်ရွက်နိုင်စေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တနှင့်ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များဖြစ်လာရေး ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် လူရည်ချွန်စီမံကိန်းများအပြင် လူငယ်ကဏ္ဍအစီအစဉ်များစွာကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “ ပညာထူးချွန်ပြီး ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ အတတ်ပညာများ တတ်မြောက်သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ဓာတ်ရှိခြင်းစသည့် ကောင်းမြတ်သောအရည်အသွေးများပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်ခြင်းပင်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ယခုပညာသင်နှစ်တွင် လူရည်ချွန်စုစုပေါင်း ၄၈၇ ဦးကို ရွေးချယ်မွေးထုတ်နိုင်ခဲ့ပြီး ပုဂံ၊ တောင်ကြီး၊ ငွေဆောင်စသည့် လူရည်ချွန်စခန်းအသီးသီးသို့ လေ့လာရေးခရီးစဉ်အဖြစ် စေလွှတ်နိုင်အောင် စီမံဆောင်ရွက်နေသည်ကို တွေ့ရသည်။ လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လာမည့်နှစ်တွင် နှစ်၆၀ ပြည့်တော့မည်ဖြစ်သည်။ မွေးထုတ်ပေးခဲ့သော လူရည်ချွန်မောင်မယ်များသည် နိုင်ငံ့အကျိုးကို ကျရာကဏ္ဍမှ ကျေပွန်စွာထမ်းရွက်ခဲ့ကြသည်။ လူငယ်လူရွယ်များသည် အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် သားကောင်းရတနာများဖြစ်သည်။ စိတ်ထားမြင့်မြတ်ပြီး အဘက်ဘက်တွင် ပြည့်စုံသည့် သားကောင်းရတနာများဖြစ်လာစေရန် ပျိုးထောင်ပေးရေးသည် နိုင်ငံတော်က မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံအတွက် အားထားရမည့် လူချွန်လူကောင်းများ၊ လူရည်မွန်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရေးသည် အလွန်အရေးကြီးသည့် ကဏ္ဍဖြစ်သည်။ ကိုယ်နှုတ်နှလုံးသုံးပါး ယဉ်ကျေးလိမ္မာပြီး လူမှုရေးအသိစိတ်ဓာတ်များရှိစေရန်၊ လူ့အဖွဲ့အစည်းအသီးသီးတွင် အဆင်ပြေလိုက်လျောညီထွေနေထိုင်တတ်စေရန်၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်တတ်မှု၊ ဦးဆောင်တတ်သူများဖြစ်လာစေရန်နှင့် နောက်လိုက်ကောင်းများ ဖြစ်လာစေရန်လိုအပ်သည်။ အခွင့်အရေးများနှင့်လျော်ညီစွာ ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားများကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်စေရန်၊ လူလိမ္မာနှင့် လူမိုက်ကို ခွဲခြားသိရှိကာ ပေါင်းသင်းဆက်ဆံတတ်စေရန်၊ ပညာရှိသူတော်ကောင်းများ၏သဘောသဘာဝကိုနားလည်ပြီး အဆိုပါပုဂ္ဂိုလ်များကဲ့သို့ နေထိုင်ပြုမူကျင့်သုံးတတ်စေရန်၊ စိတ်ထားမြင့်မြတ်သည့် လူရည်ချွန်လူရည်မွန်များဖြစ်လာစေရန် စဉ်ဆက်မပြတ်ပျိုးထောင်ကြရမည်ဖြစ်သည်။

အဆိုပါ အရည်အသွေးကောင်းများကို ပိုင်ဆိုင်ထားသည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များသည် လူ့အသိုင်းအဝိုင်းအတွင်း အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာထောက်ထားမှု၊ ရင်းနှီးဖော်ရွေမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် နေထိုင်ပြောဆိုဆက်ဆံကြပြီး စဉ်းစားဆင်ခြင်မှု အသိဉာဏ်ပညာများဖြင့် ဆက်လက်ကြိုးစားအားထုတ်သွားမည်ဆိုပါက မိမိတို့ဘဝအတွက် အောင်မြင်မှုအသီးသီးကို ရရှိပိုင်ဆိုင်ပြီး အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်ကို တည်ဆောက်ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အသိပညာ အတတ်ပညာပြည့်စုံသူများ ဖြစ်လာစေရန်နှင့် လူရည်ချွန် လူရည်မွန်များဖြစ်လာစေရန် နိုင်ငံတော်က ပြုစုပျိုးထောင် အားပေးမြှင့်တင်ဆောင်ရွက်ပေးနေချိန်တွင် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်အပေါင်းတို့က နိုးကြားတက်ကြွစွာဖြင့် ပါဝင်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး မြစ်ကြီးနားမှ ညွှန်ကြားရေးမှူး ဦးဇော်လှိုင်ဝင်း နှင့် ဝန်ထမ်းများသည် ယမန်နေ့ နံနက်ပိုင်းက မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ခေမာသီဝံပရိယတ္တိစာသင်တိုက်မှ ကျောင်းထိုင်ဆရာတော် ဣန္ဒောဘာသထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် အခြားဘာသာရေးကျောင်းများသို့လည်း ဆွမ်း၊ ကွမ်း၊ ခက်ခဲမှုမရှိစေရေး ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုက်ထိုမြို့နယ်၌ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲဆောင်ရွက်

ကျိုက်ထို ဧပြီ ၂၇

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများ၏ သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျိုက်ထိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေး/ကုဦးစီးဌာန၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က အမှာစကားပြောကြား ခဲ့သည်။ ထို့နောက် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက စီမံကိန်းသုံးသပ်ဆွေးနွေးရမည့် အဓိကအကြောင်းရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် စီမံကိန်းကျေးရွာများ၏ ကော်မတီဝင်များက စီမံကိန်းနှင့် ပတ်သက်သည့် သုံးသပ်ချက်၊ အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၂၂

## လက်ပံတန်းမြို့နယ်၌ ကလေးငယ်များအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

လက်ပံတန်း ဧပြီ ၂၇

လက်ပံတန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်း ဦးဆောင်၍ ကျန်းမာရေးဆရာမများက မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် World Immunization Week လှုပ်ရှားမှုအစီအစဉ်အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေး အပြည့်အဝ မထိုးနှံရသေးသော အသက် နှစ်လမှ သုံးနှစ်အရွယ် ကလေးငယ်များကို ရှာဖွေဖိတ်ခေါ်၍ ကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးခြင်း လုပ်ငန်းများကို ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်ဆင့်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇ - ၄ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၇,၉၀၀ | ၉၉ | ၇၉၀,၃၀၀ |
| MTSH | ၃,၀၀၀ | ၃,၁၀၀ | ၅,၁၅၅ | ၁၅,၇၀၄,၅၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၃၈၅ | ၅၅၈,၂၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၃၀ | ၇၅,၀၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၄၆ | ၁၁၉,၆၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၁ | ၅၃,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၃၁၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၃.၃၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၅၄၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၀.၅၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၆၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၈၈.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၁.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၀.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၆.၆၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ ရှေ့ဖုံးမှ

ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(GSI)သည် (၁) အားလုံးအတွက် ပြည့်စုံကျယ်ပြန့်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိသော ရေရှည်တည်တံ့သည့် လုံခြုံရေးဆိုင်ရာ မျှော်မှန်းခြင်း၊ (၂) နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားခြင်း၊ (၃) ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် အခြေခံမူများကို လိုက်နာခြင်း၊ (၄) နိုင်ငံအားလုံး၏ ကျိုးကြောင်းဆီလျော်မှုရှိသော လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို အလေးအနက်ထားခြင်း၊ (၅) နိုင်ငံများအကြား မတူကွဲပြားမှုများနှင့် အငြင်းပွားမှုများကို ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာဖြေရှင်းခြင်းနှင့် (၆) သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော နယ်ပယ်နှစ်ရပ်လုံးတွင် လုံခြုံရေးထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များကို ခိုင်မာစွာဆက်လက်ဆောင်ရွက်သွားရန်စသည့် ကတိကဝတ် (၆)ရပ်ပေါ်တွင် အခြေခံသည်ကို တွေ့ရှိရသည်။

ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(GSI)သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် ချမှတ်ထားသည့် အမြော်အမြင်ကြီးမားသည့် အစီအမံတစ်ရပ်ဖြစ်ပြီး၊ ယင်းအစီအမံပါ ကတိကဝတ်များသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် အစဉ်တစိုက်လိုက်နာကျင့်သုံးခဲ့သော အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားလိုက်နာရေးနှင့် ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်မစွက်ဖက်ရေးတို့ အပါအဝင်ဖြစ်သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ရပ်နှင့် လိုက်လျောညီထွေရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI)ကို ထောက်ခံကြိုဆိုသည်။

မျက်မှောက်ကာလတွင် အလွန်ကြီးမားသည့် အပြောင်းအလဲများနှင့် တွေ့ကြုံရင်ဆိုင်နေရချိန်၌ ကမ္ဘာ့နိုင်ငံများအနေဖြင့် တရားမျှတမှုရှိပြီး သာတူညီမျှရှိသည့် နိုင်ငံတကာ အခင်းအကျင်းဖြစ်စေရေးအတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် အခြေခံမူများကို လေးစားလိုက်နာလျက် ပိုမိုအေးချမ်းလုံခြုံပြီး သာယာဝပြောသည့်ကမ္ဘာနှင့် လူသားအားလုံးအတွက် အေးအတူပူအမျှအသိုက်အဝန်း ဖော်ဆောင်နိုင်ရေးတို့အပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အစဉ်အလာရှိသည့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရန်၊ နှစ်ဦးနှစ်ဖက် အကျိုးရှိပြီး သာတူညီမျှရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝ အေးချမ်းသာယာဝပြောစေရန်တို့အတွက် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေး အစီအမံ (GSI)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် အခြားကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဖော်ဆောင်သွားရန် ဆန္ဒရှိကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၇**

ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနကြီးမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူ ၂၀၅ ဦးနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများ သင်ကြားလေ့ကျင့်ပေးပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် ပညာရေး ဝန်ထမ်းကောင်းများ မွေးထုတ်ပေးနိုင်ရန်အတွက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)ကို တည်ထောင်ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှ ယနေ့အထိ မဟာပညာရေးဘွဲ့ ၁၃၁ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၃၈၁ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်း ဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်း ဆရာ အတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်း ဆရာအတတ်သင် ၄၆၁ ဦး စုစုပေါင်း ဘွဲ့ရပညာတတ် တိုင်းရင်းသား လူငယ် ၁၄၀၅၈ ဦးတို့ကို တက္ကသိုလ်က မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပညာရည် မြင့်မားသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှုသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူ ဖြစ်စေမည်ဖြစ်သည့်အတွက် မိမိတို့ လေ့ကျင့်သင်ကြားပေးရမည့် ကျောင်းသားလူငယ်များကိုလည်း ပညာရည်မြင့်မားပြီး နိုင်ငံတော်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလုပ်အကျွေးပြုကြမည့်သူများ ဖြစ်အောင် အလေးထားပြုစုပျိုးထောင်ပေးကြရန်ဖြစ်ကြောင်း၊ တပည့်များကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူ ပညာရှာမှီးနေရန်၊ အမြဲကြိုးစားအားထုတ်နေရန် လိုအပ်ကြောင်း၊ တပည့်များ၏ အကျိုးကို အစဉ်ရှေးရှုပြီး ကောင်းမွန်ရာကို လမ်းညွှန်သွန်သင်ပြသပေးနိုင်သည့် ဆရာကောင်းများကသာ အနာဂတ်ကာလများ၌ နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် အရည်အသွေး အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

**တိုက်တွန်းမှာကြား**

သင်တန်းဆင်း မောင်မယ်တို့အနေဖြင့် ဆရာ ဆရာမများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြတော့မည်ဖြစ်သဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးကြမည့် ခေါင်းဆောင်ငယ်များအဖြစ် လည်းကောင်း၊ စိတ်ဓာတ်ကောင်းသော၊ စည်းကမ်းကောင်းသော၊ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်လိုက်နာသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ်လည်းကောင်း ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်မှာကြားလိုကြောင်း၊ အထူးအလေးထား မှာကြားလိုသည်မှာ ဒို့တာဝန် အရေး ၃ ပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသား အားလုံး၏ စိတ်ထဲတွင် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရကိန်းအောင်း ရှင်သန်နေစေရေး စည်းရုံးဆောင်ရွက်ပေးကြရန်၊ မိမိတို့၏ တပည့်ကျောင်းသားလူငယ်များကိုလည်း နိုင်ငံတော်က အားထားရသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန်၊ ပါတီနိုင်ငံရေးကင်းစင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ပညာရေးကဏ္ဍ တိုးတက်မြင့်မားရန်အတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ စာပေဘာသာ ထူးချွန်ဆု (သိပ္ပံတွဲ)၊ စာပေဘာသာ ထူးချွန်ဆု (ဝိဇ္ဇာတွဲ) ဆုရ ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စာပေဘာသာ ထူးချွန်ဆု (ဝိပ္ပံတွဲ)၊ ဆရာအတတ်ပညာဘာသာ ထူးချွန်ဆုရ ကျောင်းသားများကို လည်းကောင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က တိုင်းရင်းသားဘာသာ၊ စာပေနှင့် ယဉ်ကျေးမှု ထူးချွန်ဆု၊ ဖွံ့ဖြိုးရေးဘာသာ ထူးချွန်ဆုရ ကျောင်းသားတို့ကို လည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦးက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၂၀၅ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်း သဘင် ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍ ဂုဏ်ပြုအားပေး စကားပြောကြားပြီး သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ကျောင်းသား ကျောင်းသူများနှင့် မိဘများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ အုပ်ချုပ်ရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက်ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်၍ ကျောင်းဝင်းအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေ၊ အသားစား ကြက်ခြံ၊ ဥစားကြက်ခြံ၊ ငါးမွေးမြူရေးကန်များနှင့် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းကျောင်းသား ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဧပြီ ၂၇**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေပြီး၊ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း



နေပြည်တော် မေ ၂၇

၂၀၂၃ ခုနှစ် မေ ၁ ရက်တွင် ကျရောက်သည့် အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းသည့် အခမ်းအနားကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အလုပ်သမားဝန်ကြီးဌာနသည် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများ၏ အကျိုးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော်၌ ဝန်ထမ်းဦးရေ ၆၀ က စုပေါင်းသွေးလှူဒါန်းခဲ့ပြီး ယနေ့တွင် ဝန်ထမ်းဦးရေ ၄၀ က ထပ်မံလှူဒါန်းခဲ့သည့်အတွက် အလုပ်သမားဝန်ကြီးဌာနအနေဖြင့် စုစုပေါင်းဝန်ထမ်းဦးရေ ၁၀၀ စုပေါင်းသွေးလှူဒါန်းခဲ့ပြီးဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် မေ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများနှင့် စုပေါင်းသွေးလှူဒါန်းပွဲများကျင်းပခြင်း၊ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများ၏အကျိုးကို ဘက်ပေါင်းစုံမှဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ အလုပ်သမားနေ့ဆိုင်ရာ စကားဝိုင်း(Talk Show) အစီအစဉ် ရိုက်ကူးခြင်း၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) ကျင်းပခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လွိုင်ကော်မြို့၌ ကယားပြည်နယ် ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအစည်းအဝေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လွိုင်ကော် မေ ၂၇

ကယားပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ပြည်နယ်ရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး (၃/၂၀၂၃)နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ တက်ရောက်ကြသည်။



### ပြောကြား

ဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသောကုန်ထုတ်လုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ချေးငွေအဆိုပြုချက်များအပေါ် စိစစ်၍ တောင်သူများအား ဆက်လက်ထုတ်ချေးနိုင်ရေး၊ ပန်းတိုင် အထွက်နှုန်းထား ရရှိစေရေးနှင့် တောင်သူများ၏ အကျိုးစီးပွားအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ အဓိကလိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေး၊ စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ တောင်သူများအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းအောင်မြင်မှုအခြေအနေများကို လေ့လာဆန်းစစ်၍ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးလက်စွဲစာစောင်အား ဒေသအခြေအနေနှင့် ကိုက်ညီသည့်အချက်များအပေါ် အခြေခံ၍ ပြင်ဆင်ဖြည့်စွက်ရေးဆွဲရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် ဌာနဆိုင်ရာအသီးသီးက ကဏ္ဍများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❂ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှ

အဆိုပါလူရည်ချွန်မောင်မယ်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စုရပ်စခန်းမှ သက်ဆိုင်ရာ လူရည်ချွန်အပန်းဖြေစခန်းမှူးများ၊ ကြီးကြပ်ဆရာ ဆရာမများလိုက်ပါလျက် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်လူရည်ချွန်စခန်းများသို့ လေ့လာရေးခရီးစဉ် စတင်ထွက်ခွာကြသည်။

### ကလောမြို့သို့ ရောက်ရှိ

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒသမတန်း(Grade-10) လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် တောင်ကြီး လူရည်ချွန်အပန်းဖြေစခန်းမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင် ဦးဆောင်၍ စတင်ထွက်ခွာကြပြီး နံနက် ၁၀ နာရီတွင် ကလောမြို့သို့ရောက်ရှိကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက် အလံငယ်များ ဝှေ့ယမ်းနှုတ်ဆက်၍လည်းကောင်း၊ ဘင်ခရာ၊ ပန်းဖွားအကများနှင့် ရှမ်းအိုးစည် ဗုံမောင်းတီးမှုတ်၍လည်းကောင်း ကြိုဆိုကြသည်။ ထို့နောက် လူရည်ချွန်မောင်မယ်များသည် ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး နေ့လယ်စာ သုံးဆောင်ကြသည်။

ယင်းနောက် တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းသို့ ဆက်လက်ထွက်ခွာကြပြီး ပြည်ထောင်စုလမ်းမဘေးရှိ အောင်ပန်းဗျူးပွိုင့်တွင် ခေတ္တရပ်နား၍ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆက်လက်ထွက်ခွာပြီး မွန်းလွဲ ၂ နာရီတွင် လူရည်ချွန်စခန်းဖွင့်လှစ်ထားသည့် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး ရန်ကုန်မြို့ မြန်မာ့လက်မှုအနုပညာစင်တာအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်းက ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ မြန်မာ့လက်မှု အနုပညာစင်တာကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် မြန်မာ့လက်မှုအနုပညာစင်တာ တာဝန်ခံနှင့် တာဝန်ရှိသူများက လက်မှုစင်တာအတွင်း ခင်းကျင်းပြသထားမှု၊ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး စင်တာအတွင်း ခင်းကျင်းပြသထားသည့် တူရိယာပစ္စည်းများ၊ ရက်ကန်းထည်များ၊ ယွန်းထည်များ၊ မြန်မာ့လက်မှု ပန်းပုလက်ရာများ၊ ကျွန်းနက်ပန်းပုလက်ရာများ၊ ကျောက်စိမ်းပန်းပုနှင့် ကျောက်မျက်ရတနာများ၊ သစ်တောနှင့် တွင်းထွက်ပစ္စည်းများ၊ အမှတ်တရပစ္စည်း အရောင်းပြခန်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန တိုင်းရုံးတွင် တိုင်း/ခရိုင်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ မူဝါဒများအောင်မြင်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ အောင်မြင်ရေးတို့အတွက် ဦးစီးဌာနအချင်းချင်း အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန်နှင့် မိမိဘဝ တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြပြီး ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ / တိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၃)ခုနှစ် အခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၂၇**

ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ် (World Immunization Week) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံအုပ်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့်ရောဂါ နှိမ်နင်းရေးတပ် တပ်မှူး၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်နေသော တာဝန်ခံဆရာဝန်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အားသွန်ခွန်စိုက်ဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် “The Big Catch–Up” “အမီလိုက် ကာကွယ်ဆေးထိုးနှံခြင်းကို အရှိန်အဟုန်မြှင့်တင်ရန်” ဖြစ်သည့်အတွက် ကိုဗစ်–၁၉ ကာလအတွင်း ကာကွယ်ဆေးများ လုံးဝမထိုးနှံခဲ့ရသော ကလေးများနှင့် အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးအကြိမ်ပြည့်မရရှိခဲ့သော ကလေးများအားလုံးကိုအသက်အရွယ်အလိုက် အမီလိုက်ကာကွယ်ဆေးထိုးနှံခြင်းကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် ဝက်သက်ကာကွယ်ဆေး တစ်မျိုးတည်းအနေဖြင့် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း သေဆုံးမှုပေါင်း ၂၃ သန်းခန့်ကို ဟန့်တားကာကွယ်ပေးနိုင်ခဲ့ကြောင်း၊ ကလေးငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသော ရောဂါပေါင်း ၂၀ ကျော်ကို ပုံမှန်ကာကွယ်ဆေးများ ထိုးနှံ/ တိုက်ကျွေးပေးခြင်းဖြင့် ကာကွယ်ဟန့်တားနိုင်ခဲ့ကြောင်း။

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ပြည်သူသန်းပေါင်း ၂၄ သန်းခန့်ကို ဆင်းရဲမွဲတေမှုမှ ကာကွယ်ပေးနိုင်ခဲ့ကြောင်း၊ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသော ကမ္ဘာ့နိုင်ငံများတွင် ဝက်သက်ကာကွယ်ဆေးအတွက် အမေရိကန်တစ်ဒေါ်လာရင်းနှီးမြှုပ်နှံလျှင် ကျန်းမာရေးကုန်ကျစရိတ်သက်သာမှု(Return of Investment)အဖြစ် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၅ ခန့် ပြန်လည်ရရှိသည်ကိုသိရှိရကြောင်း၊ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါကင်းဝေးကြောင်းကို ၂၀၁၀ ပြည့်နှစ်တွင် လည်းကောင်း၊ ပိုလီယို ရောဂါကင်းဝေးကြောင်းကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အသိအမှတ်ပြုပြီးဖြစ်ကြောင်း၊ ရရှိထားပြီးသည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းနိုင်ရေး ပုံမှန်ကာကွယ်ဆေးထိုးလွှမ်းခြုံမှုကို မြင့်မားစွာ ရရှိစေရန် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် မေ ၂၄ ရက်မှ ၃၀ ရက်အတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် မြို့နယ်များတွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် အမီလိုက်ကာ ကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံး အမီလိုက်ကာကွယ်ဆေးထိုးနှံခြင်း လှုပ်ရှားဆောင်ရွက်မှုအနေဖြင့် အသက် ငါးနှစ်အောက်ကလေးများကို သတ်မှတ်ကာကွယ်ဆေးများထိုးနှံ /တိုက်ကျွေးရန် စီစဉ်လျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းအပါအဝင် ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ယခုထက်ပိုမိုတိုးတက်စေရေး တာဝန်ရှိသူ အဆင့်ဆင့်က ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကာကွယ်ဆေးများကို သတ်မှတ်ချက်အတိုင်း အသက်အရွယ်အလိုက် အကြိမ်ပြည့် ထိုးနှံ/တိုက်ကျွေးထားခြင်းအားဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကို ကာကွယ်နိုင်ကြောင်း သိရှိ၍ အဆိုပါရောဂါများ ကပ်အသွင် ဖြစ်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် စွမ်းဆောင်ရည်မြင့်မားစွာ ဆောင်ရွက်နိုင်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ် သုံးခုနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို အထူးကြိုးပမ်းဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ် သုံးခုကိုလည်းကောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်မှု စွမ်းဆောင်ရည်ကောင်းမွန်သော တိုင်းဒေသကြီး၊ ပြည်နယ် သုံးခုကိုလည်းကောင်း ဆုများချီးမြှင့်ရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ တိုင်းဒေသကြီး၊ ပြည်နယ်များရှိမြို့နယ်များတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ပေးနေမှု မှတ်တမ်းပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိခဲ့သော သုံးနှစ်အောက်ကလေးငယ်များအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သောကာကွယ်ဆေးများ ထိုးနှံ/ တိုက်ကျွေးပေးမှုကို ကြည့်ရှု၍ ကလေးငယ်များကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော်မရှင်အဖွဲ့ဝင်များ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဦးတင်အောင်တို့ ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များနှင့် အဆောက်အအုံများတွင် သက်ကြီးရွယ်အိုများ သက်သောင့်သက်သာနေထိုင်နိုင်မှု ရှိ၊ မရှိ၊ မသန်စွမ်းဘိုးဘွားများအား ပြန်လည်သန်စွမ်းနိုင်ရေး လေ့ကျင့်ဆောင်ရွက်ပေးနေမှုနှင့် အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုနှင့် အခြေခံလူ့အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လက်ခံစောင့်ရှောက်ထားသော အဘိုးအဘွားများအား နွေးထွေးပျူငှာစွာ လိုက်လံတွေ့ဆုံခဲ့ပြီး ကျန်းမာရေးအခြေအနေများကို ကြည့်ရှုမေးမြန်းကာ အားပေးစကားများ ပြောကြားဂါရဝပြုကြသည်။



ကော်မရှင်အဖွဲ့၏ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာကို ကြည့်ရှုစစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# အုတ်ဖိုမြို့၌ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်

**အုတ်ဖို မေ ၂၇**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ မိခင်နှင့်ကလေး ကျန်းမာရေးဌာနနှင့် အိုးသည်ကုန်းတိုက်နယ်ကျန်းမာရေးဌာနတို့တွင် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် ယနေ့ နံနက် ၉ နာရီက နှစ်လမှ သုံးနှစ် အရွယ်ကလေးငယ်များအား ကာကွယ်ဆေးမရရှိသေးသော ကာကွယ်ဆေးအမျိုးအစားအလိုက်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးတိုက်ခြင်း၊ ဆေးထိုးခြင်းလုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများက ကလေးများအား ဘီစီဂျီကာကွယ်ဆေး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယိုသောက်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ဆုံဆို့–ကြက်ညှာ–မေးခိုင်–အသည်းရောင်(ဘီ)–ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပိုလီယိုထိုးဆေး၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်ဂျိုက်သိုးကာကွယ်ဆေး တိုက်ကျွေးခြင်း၊ ဆေးထိုးခြင်းလုပ်ငန်းများကို ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။ ၎င်းကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ဆေးထိုးခြင်းလုပ်ငန်းကို မေ ၂၄ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

# နိုင်ငံတော်၏ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်အား ဦးထိပ်ပန်ဆင် ပြိုင်ပွဲဝင်ကြမည့် အားကစားမောင်မယ်များအားလုံး ကြိုးပမ်းစွမ်းဆောင် အောင်မြင်ကြပါစေ

ကိုဌေး(ကနောင်)

**ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေကြပြီ**

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပတော့မည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲဝင် အားကစားသမား မောင်မယ်များအားလုံး ပြိုင်ပွဲ ရက်နီးကပ်လာသည်နှင့်အမျှ ပြိုင်ပွဲဝင်ရန် အတွက် ရုပ်ပိုင်းဆိုင်ရာ အသင့်၊ စိတ်ပိုင်းဆိုင်ရာ အသင့်၊ အားကစားနည်းပညာပိုင်းဆိုင်ရာ အသင့်၊ စိတ်ဓာတ် ပိုင်းဆိုင်ရာ အသင့်၊ အစစအရာရာ အသင့်ဖြစ်နေ ကြပြီဖြစ်သည်။ ပြိုင်ပွဲကျင်းပရန် လည်း ရက်ပိုင်းသာ လိုပါတော့သည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများ**

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်မှစတင်၍ အားကစားသမား အားလုံး နေပြည်တော်အားကစားလေ့ကျင့်ရေး စခန်းနှင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ အားကစား အဖွဲ့ချုပ်အသီးသီးတွင် ၁၀ လခန့် ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်ခဲ့ကြပြီး ဖြစ်သည်။ ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက်လည်း ဘော်လီ ဘော၊ ဝူရှူး၊ ပြေးခုန်ပစ်၊ လက်ဝှေ့အားကစားအဖွဲ့ များမှ အားကစားသမား စုစုပေါင်း ၁၀၁ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သုံးလကြာ စေလွှတ် ၍ ပူးတွဲလေ့ကျင့်မှုများ ဆောင်ရွက်စေခဲ့သည်။

ထို့ပြင် နိုင်ငံတကာက အဆင့်မီနည်းပြများ ငှားရမ်းလေ့ကျင့်မှုအနေဖြင့်လည်း တိုက်ကွမ်ဒို အားကစားနည်းအတွက် ကိုရီးယားနိုင်ငံသား နည်းပြတစ်ဦး၊ ဂျူဒိုအားကစားနည်းအတွက် ဂျပန် နိုင်ငံသား နည်းပြတစ်ဦး၊ အားနစ်အားကစားနည်း အတွက် ဖိလစ်ပိုင်နိုင်ငံသား နည်းပြတစ်ဦး၊ KUN Bokator အားကစားနည်းအတွက် ကမ္ဘောဒီးယား နိုင်ငံသား နည်းပြတစ်ဦးတို့ကို ငှားရမ်းလေ့ကျင့် စေခဲ့သည်။ စခန်းသွင်းလေ့ကျင့်နေစဉ် ကာလ အတွင်း နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိစေရေး အတွက်လည်း ဘီလီယက်နှင့် စနူကာအားကစား သမားများကို မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဒိုဟာနိုင်ငံတို့သို့ ပြိုင်ပွဲသုံးကြိမ်၊ ပီတန်း၊ လေ့လှော်၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒိုအားကစားသမားများကို ထိုင်းနိုင်ငံသို့ ပြိုင်ပွဲတစ်ကြိမ်စီ၊ တင်းနစ် အားကစားသမားများကို သီရိလင်္ကာနိုင်ငံသို့ ပြိုင်ပွဲတစ်ကြိမ် စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။

**တာဝန်ရှိသူများက မပြတ်ကြည့်ရှုစစ်ဆေး အားပေးဆောင်ရွက်**

ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်နေစဉ် ကာလအတွင်း အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက အားကစားနည်းအလိုက် လေ့ကျင့်မှု ကြပ်မတ်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက် ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူး ချုပ်များအပါအဝင် မြန်မာနိုင်ငံအားကစားအဖွဲ့ ချုပ်များမှ အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများကိုယ်တိုင် မကြာခဏ သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားခြင်း၊ လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း၊ စိတ်ဓာတ်ခွန်အား မြှင့်တင် ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ ပြိုင်ပွဲဝင် အားကစားသမားများအားလုံး အနေဖြင့်လည်း ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေကြပြီဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး စိတ်အားထက်သန်လျက်ရှိနေကြပြီဖြစ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ အောင်နိုင်ရေးအလံ အပ်နှင်းစဉ်။

**သွားရောက်ကြမည့်အင်အား**

ယခုအခါ ပြိုင်ပွဲသို့ အားကစားနည်း ၁၉ နည်း ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစား နည်းအလိုက် အုပ်ချုပ်/နည်းပြ/ အားကစားသမား ၄၄၅ ဦး၊ အုပ်ချုပ်မှုအဖွဲ့ ၅၆ ဦး စုစုပေါင်း ၅၀၁ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားရှိပြီးလည်း ဖြစ်သည်။

**အောင်နိုင်ရေးအလံ အပ်နှင်းခြင်း**

ဧပြီလ ၂၅ ရက်နေ့တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပပြုလုပ်ခဲ့သည့် အောင်နိုင်ရေးအလံ အပ်နှင်းပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက် အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံကို နိုင်ငံတော်အကြီးအကဲက အားကစားနှင့် လူငယ် ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ ပေးအပ်ခဲ့သည်။

**နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ**

နိုင်ငံတော်အကြီးအကဲက **"(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို ယခု အပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်၏ အလံတော်သည် အားကစားအဖွဲ့ အတွက် ဂုဏ်ဒြပ်ရော အမျိုးသားရေး တာဝန်ကိုပါ နိုင်ငံတော်၏ ကိုယ်စားပြုနေသည်ဆိုသည့် ခံယူ ချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံ တလူလူ လွင့်ပျံနေစေရေး ရေကုန်ရေခန်း အစွမ်းကုန်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန်"** တိုက်တွန်းပြောကြားခဲ့သည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲ က "နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများအားလုံး ကလည်း အားကစားမောင်မယ်များ၏ ခွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် **'ပွဲမဝင်ခင်အပြင်ကကျင်းပ'** ဆိုသည့်အတိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့် ပြင်ဆင်နေမှုများကို တွေ့မြင်သိရှိကြပြီးဖြစ် ကြောင်း၊ **'လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲခံ'** ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှု ခိုင်မာစွာဖြင့် အောင်စိတ်တံခွန်များ တလူလူလွင့်ပျံ နေကြပြီဟုလည်း ယုံကြည်ထားပါကြောင်း၊ ယခု ပြိုင်ပွဲကြီးသည် အားကစားမောင်မယ်များအဖို့ နိုင်ငံတော်အတွက် အားကစားလူချွန် လူကောင်း များဖြစ်ကြောင်း ပြသနိုင်မည့် အခွင့်အလမ်းကောင်း ကြီးတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ ယခု (၃၂) ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး တွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များကထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင် ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းအား ပိုမိုပြောင်းလဲမှတ်တမ်း တင်နိုင်ကြမည်ဖြစ်ပါကြောင်း။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အာဆီယံတွင် အမြင့်မားဆုံးသော အိုလံပစ်ပြိုင်ပွဲ တစ်ခုဖြစ်ပြီး ယခုပြိုင်ပွဲမှာပင် ကျေနပ်မနေဘဲ အာရှအိုလံပစ်နှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်အထိ မျှော်မှန်းကြိုးစား သွားကြစေလိုကြောင်း၊ အားကစားဆိုသည်မှာ နိုင်ငံ တစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ခွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ် ကြောင်း၊ အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့ နိုင်ငံတကာ အားကစားပြိုင်ပွဲတစ်ရပ်ကို နိုင်ငံ ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသည့်ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ကို အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ အားလုံး သတိချပ်ကြစေလိုကြောင်း။

ထို့ပြင် အမိမြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုး၏ ဂုဏ်သိက္ခာနှင့် ပတ်သက်ဆက်နွှယ်နေသည့် အတွက် ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည် အမျိုးသား ရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစား အဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင်ရှိနေသည်ကို သတိပြု နှလုံးသွင်းထားကြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတိုင်းတွင် နိုင်ငံကြီးသားစိတ်ဓာတ်နှင့် တရားမျှတသန့်ရှင်းစွာ ယှဉ်ပြိုင်ပြီး အရှေ့တောင် အာရှဒေသ ညီနောင်နိုင်ငံများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေး သံတမန်ကောင်းတာဝန် များကို ကျေပွန်ခဲ့ကြရန်" မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လေးနက်သည့် မှာကြားချက်များအပေါ် မြန်မာအားကစားအဖွဲ့များ အနေဖြင့် အလေးထား လိုက်နာဆောင်ရွက်သွား ကြရမည်ဖြစ်သည်။ **စာမျက်နှာ ၇ သို့ ☆**

**✤ ယခုအခါ ပြိုင်ပွဲသို့ အားကစားနည်း ၁၉ နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက် အုပ်ချုပ်/ နည်းပြ/ အားကစားသမား ၄၄၅ ဦး၊ အုပ်ချုပ်မှုအဖွဲ့ ၅၆ ဦး စုစုပေါင်း ၅၀၁ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားရှိပြီးလည်း ဖြစ်**

**✤ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အမိမြန်မာနိုင်ငံတော်၏အလံတော်အားလွှင့်ထူပြီး ပြိုင်ဘက်နိုင်ငံများက ဦးညွှတ် အလေးပြုကြရသည့်မြင်ကွင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားကြသည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားများအားလုံးက နိုင်ငံသားပြည်သူတစ်ရပ်လုံး၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်မိ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မှ ပင့်ဖိတ်ထားသည့် ဆရာတော်ကြီးများ လာရောက်လေ့လာဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုအခြေအနေများကို ကြာနီကန်စာသင်တိုက် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တသူရိယ ဦးဆောင်သော ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မှပင့်ဖိတ်ထားသည့် စာသင်တိုက် ၄၈ ခုမှ ဆရာတော်၊ သံဃာတော် စုစုပေါင်း အပါး ၆၀ တို့က ယနေ့ညနေပိုင်းတွင် လာရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

**ရှင်းလင်းလျှောက်ထား**

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေး စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခဲ့ရမှုနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့မှ အဆင့်ဆင့် ပင့်ဆောင်ခဲ့ရမှု၊ ဆင်းတုတော်အပိုင်း(၁/၂/၃/၄)တို့အား ထုဆစ်ပုံဖော်ခဲ့မှုနှင့် ပလ္လင်တော်အထက်သို့ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင်ဝန်ချီစက်တည်ဆောက်ကာ ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ခဲ့မှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီး စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ထည့်သွင်းတည်ဆောက်လျက်ရှိမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မော်လမြိုင်မြို့၌ ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မော်လမြိုင် မေ ၂၇**

မော်လမြိုင်မြို့၌ ကဆုန်ညောင်ရေသွန်းပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်က ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သည့် နေ့ထူးနေ့မြတ်တွင် မဟာမြတ်မုနိဘုရားကြီး၏ မျက်နှာတော်အား ရေသပ္ပာယ်ခြင်း၊ အမွှေးနံ့သာများဆက်ကပ်ခြင်း၊ မျက်နှာတော်ကို ရောင်တော်ဖွင့်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီဝင်များအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မတီဝင်များက ကဆုန်ညောင်ရေသွန်းပွဲတော်ကို မဟာမြတ်မုနိဘုရားကြီးရင်ပြင်ရှိ မဟာဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းဆောင်ရွက်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူနိုင်ရေးအတွက် မော်လမြိုင်မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းသုံးကျောင်းနှင့် သီလရှင်ကျောင်း သုံးကျောင်းတို့မှ သံဃာတော်၊ သီလရှင် စုစုပေါင်း ၃၁၅ ပါးတို့အား ပင့်ဖိတ်၍ မဟာမြတ်မုနိဘုရားကြီးဝင်းအတွင်း၌ မွန်ပြည်နယ်အစိုးရအဖွဲ့၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ပြည်နယ်/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူသွားမည်ဖြစ်ကြောင်းတို့ကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

☆ စာမျက်နှာ ၆ မှ

**နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများအရေး အလေးထားဆောင်ရွက်ပေးလျက်ရှိ**

လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရလက်ထက်တွင် နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းလျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍ ထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ခေတ်အဆက်ဆက် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သူများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း အသက် ၆၀ ပြည့်မြောက်သည့် အချိန်မှစ၍ (နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာကဲ့သို့) သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိသည်။ နိုင်ငံတော်က လစဉ်ချီးမြှင့် ထောက်ပံ့ငွေ ပေးအပ်မှုအခြေအနေကို ဖော်ပြရလျှင် အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၂၀၀၀၀၀၊ ငွေတံဆိပ်တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၁၅၀၀၀၀၊ ကြေးတံဆိပ်တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၁၀၀၀၀၀ ချီးမြှင့်ပေးအပ်လျက်ရှိပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၀ ခု အထက် ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၁၅၀၀၀၀၊ ရွှေတံဆိပ်ငါးခုမှ ကိုးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၁၀၀၀၀၀၊ ရွှေတံဆိပ်တစ်ခုမှ လေးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၇၀၀၀၀၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၅၀၀၀၀၊ ကြေးတံဆိပ်တစ်ခုရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၃၀၀၀၀ အား ပေးအပ်ချီးမြှင့်လျက်ရှိသည်။ ယနေ့အထိ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီး ၂၃၀ အား လစဉ် ၁၅၅၁၀၀၀၀ (ကျပ်တစ်ရာ့ငါးဆယ် ငါးသိန်းတစ်သောင်းတိတိ) ကို ပံ့မှန်ထောက်ပံ့ပေးအပ်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင်လည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနက်မှ ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန် ပထမအဆင့် ၃၆ ဦး၊ လူမှုထူးချွန် ဒုတိယအဆင့် ၃၉ ဦး၊ လူမှုထူးချွန် တတိယအဆင့် ၆၉ ဦးအား ပေးအပ်ချီးမြှင့်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် (၇၇) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင်လည်း အာရှအားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးခုအထက် ရရှိခဲ့ကြသူ အားကစားသမားများအနက်မှ ၂၄ ဦးကို **"လူမှုထူးချွန် ပထမအဆင့်"** ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

**အလားတူ အခွင့်အရေး ရရှိကြမည်**

နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကို နိုင်ငံတော်က အားပေးချီးမြှင့်ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသည့်နည်းတူ ယခုပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးကြမည့် အားကစားသမားမောင်မယ်များ အနေဖြင့်လည်း အလားတူအခွင့်အရေးများ ရရှိလာကြမည်ဖြစ်သည်။

**အောင်မြင်မှုရယူပေးမည့် အားကစားမောင်မယ်များအား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်မည်**

နိုင်ငံတော်အကြီးအကဲက အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားတွင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားမောင်မယ်များအနက် အောင်မြင်မှုရရှိခဲ့သူများအား နိုင်ငံတော်အနေဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။ သို့ဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားမောင်မယ်များအနေဖြင့် နိုင်ငံတော်၏ အောင်လံတလူလူ လွင့်ပျံစေရေးတာဝန်ကို အစွမ်းကုန်ကြိုးပမ်းကြရန်သာ လိုအပ်ပါတော့ကြောင်း ရေးသားတိုက်တွန်း အားပေးလိုက်ရပါသည်။

**အမျိုးသားရေးတာဝန်အား ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြရန်**

နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အမိမြန်မာနိုင်ငံတော်၏ အလံတော်အား လွှင့်ထူပြီး ပြိုင်ဘက်နိုင်ငံများက ဦးညွှတ်အလေးပြုကြရသည့် မြင်ကွင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားကြသည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားများအားလုံးက နိုင်ငံသားပြည်သူတစ်ရပ်လုံး၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်မိပါသည်။

သို့ဖြစ်၍ မြန်မာ့အားကစား အဖွဲ့ဝင်များအားလုံး **"နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေး သန္နိဋ္ဌာန်"၊ "တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်"၊ "လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်"** တို့ဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် ပြိုင်ပွဲဝင်အားကစားသမားမောင်မယ်များအားလုံး အနိုင်မခံ အရှုံးမပေးသည့် ကြံ့ခိုင်သည့် စိတ်ဓာတ်၊ မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များ ရရှိအောင် စွမ်းဆောင်ကာ နိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြရန် တိုက်တွန်းအပ်ပါကြောင်း...။ ။

# သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်တွက်ဆပြီး အမြဲတမ်းအဆင်သင့်ဖြစ်နေအောင် ပြင်ဆင်ထားကြရန်လိုအပ်



နေပြည်တော် မေ ၂၇

သဘာဝဘေးအန္တရာယ်များသည် အချိန်မရွေး၊ နေရာမရွေး၊ လူမျိုးမရွေး ရင်ဆိုင်ကြုံတွေ့ရနိုင်သည့်အတွက် ကြိုတင်တွက်ဆပြီး အမြဲတမ်းအဆင်သင့်ဖြစ်နေရန် ပြင်ဆင်ထားကြရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

## မျက်ခြည်မပြတ်လေ့လာ

ထို့ပြင် ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုနှင့်အတူ ဖြစ်ပေါ်လာနေသည့် သဘာဝဘေးအန္တရာယ်များ၏သဘောသဘာဝများကို မျက်ခြည်မပြတ်လေ့လာနေရန်လည်းလိုအပ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ အညွှန်းကိန်း ၂၀၂၁ အရ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ အမြင့်ဆုံးနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်းပါဝင်ကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံအတွင်းတွင် ရာသီကာလအလိုက်၊ ဒေသအလိုက်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ခန့်မှန်းပြီး မိမိတို့တွင် ရှိပြီးဖြစ်သော၊ ရရှိနိုင်သော စွမ်းအားအရင်းအမြစ်များကို အသုံးချ၍ ရင်ဆိုင်တုံ့ပြန်နိုင်မည့် အကောင်းဆုံးအစီအမံများကို ကြိုတင်ရေးဆွဲဆောင်ရွက်ထားရန် လိုအပ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ကော်မတီအနေဖြင့် သဘာဝဘေးဒဏ်သင့်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးနိုင်ရန်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုများ ပြုလုပ်ပေးရန်တာဝန်ရှိသကဲ့သို့ ယင်းလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းအနေဖြင့် သဘာဝဘေးကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ပျက်စီးပါက ဆောလျင်စွာပြန်လည်ထူထောင်ရေးအတွက် မိုးဦးကျကာလတွင် ဖြစ်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို မျှော်မှန်းပြီး ကြိုတင်ပြင်ဆင်စီမံထားခြင်းတို့ကို ဒေသအလိုက် စီမံဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ ဘေးအန္တရာယ်ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ပျက်စီးမှုလျော့နည်းစေရေးအတွက် ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားစဉ်နှင့် ဘေးဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဒေသအလိုက် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ထားရန်နှင့် ရေကြီးနစ်မြုပ်မှုဖြစ်လေ့ရှိသည့် ဒေသများတွင် ကျရောက်လာနိုင်သည့် ရောဂါပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းရေး၊ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့များ စုဆောင်းထားရှိရေး၊ ခေတ်မီစိုက်ပျိုးနည်းစနစ်ဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းများ စီမံထားရှိရေး၊ ဘေးသင့်ကာလတွင် တိရစ္ဆာန်ရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေးနှင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများလည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း။

## တိုက်တွန်းမှာကြား

လုပ်ငန်းများ လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ရန်အတွက် Task Force များ ဖွဲ့စည်းထားရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ အဓိကလိုအပ်လျက်ရှိသည့် မျိုးစေ့၊ မြေဩဇာ စသောသွင်းအားစုများ၊ ထွန်ယက်စိုက်ပျိုးရန် စက်ယန္တရားများ၊ ငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ရေးကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်မားအောင် ဆောင်ရွက်ပေးခြင်းစသည့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အထူးအလေးထား ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် လုပ်ငန်းကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကော်မတီဝင်ဌာနများမှ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေ၊ နွေရာသီရေရှားပါးဒေသများအတွက် ဆောင်ရွက်ပေးခဲ့မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများနှင့် လတ်တလောဖြစ်ပွားခဲ့သည့် လေဆင်နှာမောင်းတိုက်ခတ်ခံခဲ့ရသည့် ကျေးရွာနှစ်ရွာသို့ ထောက်ပံ့ဆောင်ရွက်ခဲ့မှုအခြေအနေများကို လည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ တက်ရောက်လာသည့် ကော်မတီဝင်ဌာနများက သက်ဆိုင်ရာ အခန်းကဏ္ဍများအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေနှင့် သဘာဝဘေးသင့်ဒေသများအား ပြန်လည်ထူထောင်ရေး ဆောင်ရွက်မည့်အစီအမံများတွင် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ မေ ၂၁ ရက်တွင် လေဘေးဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ တုံ့ပြန်ဆောင်ရွက်မှုနှင့် မိုးကြိုကာလတွင် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ရာသီဥတုအခြေအနေများကို သုံးသပ်ပြင်ဆင်ခြင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၂၇

ပြည်ထောင်စု နယ်မြေ နေပြည်တော်၌ မေ၂၁ ရက်တွင် လေဘေးဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ တုံ့ပြန်ဆောင်ရွက်မှု ပြန်လည်သုံးသပ်ခြင်းနှင့် မိုးကြိုကာလတွင် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ရာသီဥတု အခြေအနေများကို သုံးသပ်ပြင်ဆင်ခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ မေ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် လေဆင်နှာမောင်းတိုက်ခတ်ခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအနေဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး တုံ့ပြန်မှုများဆောင်ရွက်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ စုစည်းညီညာ ဆောင်ရွက်နေကြောင်း၊ အရေးပေါ်ဘေးဖြစ်ပွားမှုများတွင် ထိရောက်ကောင်းမွန်သော တုံ့ပြန်မှုများ ဆောင်ရွက်ပေးနိုင်ရန် အတွက် တာဝန်ရှိသူအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ကောင်းရန် လိုအပ်ကြောင်း၊ လတ်တလော နေပြည်တော်၌ ဖြစ်ပွားခဲ့သည့် သဘာဝဘေးအတွက် တုံ့ပြန်မှုများ ဆောင်ရွက်ရာတွင် မိမိတို့ ဝန်ကြီးဌာနသည် လတ်တလော သက်သာ ချောင်ချိစေရေးနှင့် လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်း ဆောင်ရွက်ရေးတို့အား ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တွေ့ကြုံရသည့် အခက်အခဲ၊ ရင်ဆိုင်ဖြေရှင်းမှုတို့ အပေါ် သင်ခန်းစာများ ဖော်ထုတ်ပြီး အခြား တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးကြုံတွေ့ချိန်တွင် ကိုးကားဆောင်ရွက်နိုင်ရေး လိုအပ်သည့်လုပ်ငန်းစဉ်၊ ပုံစံများ ပြုစု၍ ဖြန့်ဝေသွားရန်ဖြစ်ကြောင်း၊ အရေးပေါ်ကာလတွင် ဘေးသင့်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်တပြက် ဆန်းစစ်နိုင်မည့်ပုံစံများ ပြုစုဖြန့်ဝေထားကြရန်လိုအပ်ကြောင်း၊ သဘာဝဘေး အရေးပေါ်တုံ့ပြန်မှုတွင် လျင်မြန်ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများကို အသိအမှတ်ပြုဂုဏ်ယူသကဲ့သို့ နောင်တွင်လည်း ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်၌ လေဘေးဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ဦးစီးဌာနနှင့် နေပြည်တော်တိုင်း ဦးစီးမှူးရုံးက ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တည်မြဲအမိန့် (၂၀၂၂)ပါ လုပ်ငန်းလမ်းညွှန်များအား သဘာဝဘေးအရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာ၌ လက်တွေ့ ကိုးကားဆောင်ရွက်နိုင်ခဲ့မှု အခြေအနေ၊ ၂၀၂၃ ခုနှစ် မိုကြိုကာလ (မေလ)တွင် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ရာသီဥတုအခြေအနေနှင့် ကြိုတင်ပြင်ဆင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan ဦးဆောင်သောအဖွဲ့ကို အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Mr. Ramanathan က ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည့် လုပ်ငန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်လိုသော အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းများကို အကူအညီအထောက်အပံ့ပေးရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးကလည်း ဝန်ကြီးဌာနက တပ်မတော်နည်းပညာဌာန၏ အကူအညီဖြင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အချက်အလက်စနစ် (Social Management Information System- SMIS) Software ရေးဆွဲခဲ့မှု၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ထောက်ခံချက်ပေးရန်လိုအပ်သဖြင့် ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာကို ဦးစွာလက်မှတ်ရေးထိုးရန် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိမှုတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့တွင် ရန်ကုန်မြို့တွင်းနှင့် ဒလမြို့တို့ကို ဆက်သွယ်သည့် မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘက်ခြမ်းရှိ စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများနှင့် တံတားတည်ဆောက်ရေးလုပ်ငန်း အနီးကပ်တာဝန်ယူဆောင်ရွက်သည့် စီမံကိန်းကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုတို့က တံတားစီမံကိန်း လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု၊ ရန်ကုန်ဘက်ခြမ်း ဘုန်းကြီးလမ်းတစ်လျှောက် ချဉ်းကပ်တံတားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆင်ခြေလျှောတံတား နှစ်စင်း ဆောင်ရွက်ထားရှိမှု၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ အပိုင်းလိုက်ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက် ဆွေးနွေးတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို လျာထားသည့် သတ်မှတ်ကာလအလိုက် အချိန်မီပြီးစီးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ စီမံကိန်းတွင် တည်ဆောက်ရေးပစ္စည်းများမှန်ကန်စွာအသုံးပြုရေး၊ လုပ်ငန်းခွင်လုပ်သားများ ကျွမ်းကျင်မှုရှိစေရေး၊ အန္တရာယ်ကင်းရှင်းရေးကို ဌာနမှတာဝန်ရှိသူများ၊ စီမံကိန်းဆိုင်ရာအကြံပေးအဖွဲ့များ၊ စီမံကိန်းကန်ထရိုက်တာများ ပေါင်းစပ်ညှိနှိုင်း၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာပြီးစီးရေး ဦးစားပေးလုပ်ငန်းအလိုက်ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းအဖွဲ့များကို ဂုဏ်ပြု သစ်သီးခြင်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေလယ်တိုင်လုပ်ငန်းများဖြစ်သည့် ရန်ကုန်ဘက်ခြမ်း PY 2 ဘိုးပိုင်လုပ်ငန်းများ၊ ပိုင်တိုင်ထိပ်အုပ် (Pile Cap) လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဒလဘက်ခြမ်း PY 1 ဘိုးပိုင်နှင့် ပိုင်တိုင်ထိပ်အုပ် (Pile Cap) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ရေကြောင်းသွားလာသည့် သင်္ဘောများ အန္တရာယ်ကင်းရှင်းရေးအတွက် သတိပေးအချက်ပြများ၊ အမှတ်အသားများ ဆောင်ရွက်ထားရန် မှာကြားသည်။

ယခုတည်ဆောက်နေသည့် မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားကို အဆင့်မြင့်နည်းပညာဖြင့် ဆောက်လုပ်ခြင်းဖြစ်သည့်အတွက် မြန်မာအင်ဂျင်နီယာများ အနေဖြင့်လည်း သံမဏိကြိုးဆိုင်းတံတားဆိုင်ရာ ပုံစံထုတ်လုပ်ခြင်းနှင့် ခေတ်မီနည်းပညာများ၊ နည်းစနစ်များနှင့် အတွေ့အကြုံများကို ရရှိနိုင်မည်ဖြစ်ပြီး ကျွမ်းကျင်အင်ဂျင်နီယာများနှင့် လုပ်သားများလည်း ပေါ်ထွက်လာမည်ဖြစ်သည်။

တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် မေလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတံတားတစ်စင်းလုံး လုပ်ငန်းပြီးစီးမှု ၅၆ ရာခိုင်နှုန်းရှိပြီး ၂၀၂၄ ခုနှစ်တွင် လုပ်ငန်းများပြီးစီးရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းများဖွင့်ပွဲ ကျင်းပ



မုံရွာ ဧပြီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းပညာရေးတက္ကသိုလ်ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ် အပတ်စဉ်–၂၃၊ ဒုတိယနှစ် အပတ်စဉ်–၂၂ သင်တန်းဖွင့်ပွဲနှင့် သင်တန်းသား သင်တန်းသူများအား ကြိုဆိုတွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

**တိုက်တွန်းပြောကြား**

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီးတွင် ပညာရေးနှင့်ပတ်သက်ပြီး အားနည်းမှုများမရှိအောင် ပညာရေးကဏ္ဍကို အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာတတ်များပေါ်များစေရေးအတွက် ပညာရေးမြှင့်တင်မှုကို အလေးထားဆောင်ရွက်နေခြင်းကြောင့် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများအားလုံးကို ယခုကဲ့သို့စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း မိမိတို့တတ်ထားသည့် အသိ၊ အတတ်ပညာများကို လက်ဆင့်ကမ်း ပြန်လည်သင်ကြားပို့ချရာတွင်လည်း မခွင်းမချန်ပြန်လည်သင်ကြားပို့ချပေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ်သိန်း ၁၀၀ ကို သင်တန်းသား သင်တန်းသူများထံ ထောက်ပံ့ပေးအပ်ပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းပညာရေးဒီဂရီကောလိပ် ဘက်စုံသုံးခန်းမ၌ ကျင်းပသော ပညာရေးဘွဲ့ စာပေးစာယူ (၃/၂၀၂၃) ပထမနှစ်နှင့် (၁/၂၀၂၂) ဒုတိယနှစ် သင်တန်းဖွင့်ပွဲနှင့် သင်တန်းသား သင်တန်းသူများအား ကြိုဆိုတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ ၅၇၄ ဦးအတွက် ငွေကျပ် ၂၅ သိန်းကို သင်တန်းသား သင်တန်းသူများထံ ထောက်ပံ့ပေးအပ်ပြီး စစ်ကိုင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမြတ်ခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန် - မန္တလေးပြည်ထောင်စုလမ်းပေါ်ရှိ ဘောဂသိရိကားကြီးဝင်းရှေ့လမ်းဆုံနှင့် ဆင်သေချောင်းတံတား (ကျောက်ချက်) လေးလမ်းသွားတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၇

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းပေါ်ရှိ ဆင်သေချောင်းတံတား (ကျောက်ချက်) လေးလမ်းသွား တိုးချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းက တံတားချဉ်းကပ်လမ်းအတွက် လေးလမ်းသွားလမ်းအဖြစ် တိုးချဲ့ဆောင်ရွက်မည့် စီမံချက်ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လမ်းပိုင်းအလိုက် မီးပွိုင့်သတ်မှတ်ချက်၊ Free way သတ်မှတ်ချက်၊ လမ်းညွှန် အမှတ်အသားဆိုင်းဘုတ်များ သတ်မှတ်ချက်နှင့် လမ်းနယ်နိမိတ် သတ်မှတ်ချက်များကို စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

**မှာကြား**

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းမြင့်က ယခင် နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် တိုးချဲ့ဆောက်လုပ်မည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းပြည့်မီရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# မူပိုင်ခွင့်နှင့် အမျိုးသမီးများ၊ ဆန်းသစ်တီထွင် တို့မြှင့်တင်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ ပြည့်ထူး (မင်းဘူး) ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

**ကမ္ဘာတစ်ဝန်းရှိ တီထွင်ဖန်တီးဆန်းသစ်သူများသည် ၎င်းတို့၏ အကြံဉာဏ်၊ စိတ်ကူးစိတ်သန်းများကို ဉာဏပစ္စည်းပိုင်ဆိုင်မှု (Intellectual Property) ကို အသုံးပြု၍ ၎င်းတို့၏ ပိုင်ဆိုင်မှုအဖြစ် ပြောင်းလဲလျက်ရှိသည်။ ယင်းပိုင်ဆိုင်မှုများသည် ကမ္ဘာပေါ်ရှိ လူသားများ၏ဘဝများ တိုးတက်မြင့်မားလာစေမည့် လူမှုစီးပွားအကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးလျက်ရှိသည်။ ပြောင်းလဲလာသည့် ခေတ်ကာလများအလိုက် တီထွင်ဆန်းသစ်မှုများသည် လူသားတို့အတွက် တိုးတက်မှုများ၏ အဓိကမောင်းနှင်အား ဖြစ်လာခဲ့သည်။ မူလရှိရင်းစွဲအရာများကို မွမ်းမံဆန်းသစ်၍ဖြစ်စေ၊ အသစ်အသစ်သောအရာများကို တီထွင်၍ဖြစ်စေ လူသားများ၏ တိုးတက်မှုဆင့်ကဲဖြစ်စဉ်များအတွက် အဓိကအင်ဂျင်များအဖြစ် ထောက်ကန်ပေးလျက်ရှိသည်ကို တွေ့ရှိရပေမည်။**

### မူပိုင်ခွင့်

ဉာဏပစ္စည်းပိုင်ဆိုင်မှု တစ်နည်းအားဖြင့် မူပိုင်ခွင့်သည် တီထွင်မှုများ၊ စာပေနှင့် အနုပညာလက်ရာများ၊ သင်္ကေတများ၊ အမည်များနှင့် ကူးသန်းရောင်းဝယ်ရေးတွင် အသုံးပြုသည့်ရုပ်ပုံများကဲ့သို့သော စိတ်၏ဖန်တီးမှုများ ပိုင်ဆိုင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ မူပိုင်ခွင့်သည် ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးမှု၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ၎င်းကို မှတ်ပုံတင်မူပိုင်များ (patents)၊ မူပိုင်ခွင့်များ(copyrights)၊ ကုန်အမှတ်တံဆိပ်များ (trademarks) နှင့် ကုန်သွယ်မှုလျှို့ဝှက်ချက်များ (trade secrets) ကဲ့သို့သော ဥပဒေအမျိုးမျိုးဖြင့် ကာကွယ်ပေးထားသည်။ ထို့ပြင် ဉာဏပစ္စည်းမူပိုင်ခွင့်များ (Intellectual Property Right–IPR) သည် ဖန်တီးသူများကို သီးသန့်အခွင့်အရေးများ ပေးခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးမှုများကို အားပေးကာ ၎င်းတို့ကိုယ်တိုင် ၎င်းတို့၏ လက်ရာများမှ အကျိုးခံစားနိုင်စေရန်နှင့် အခြားသူတို့အား ခွင့်ပြုချက်မရှိဘဲ ကူးယူသုံးစွဲခြင်း သို့မဟုတ် ကူးယူခြင်းမှ တားဆီးပေးသည်။

ရှေးခေတ်ကာလများကတည်းကပင် လူသားများ၏ စိတ်ကူးစိတ်သန်းစွမ်းအင်များဖြင့် ကမ္ဘာကြီးကို ပြောင်းလဲခဲ့ရာတွင် အမျိုးသားများသာမက အမျိုးသမီးများပါ ပါဝင်ခဲ့ကြသည်။ ပထမစက်မှုတော်လှန်ရေးခေတ်မှသည် ယခု စတုတ္ထစက်မှုတော်လှန်ရေးခေတ်အထိပင် ကျား/မအားလုံး ပါဝင်သော တီထွင်ဆန်းသစ်မှုများဖြင့် ကမ္ဘာကြီးကို ဆင့်ကဲတိုးတက်စေခဲ့သည်။ ခေတ်အဆက်ဆက်တွင် မူပိုင်ခွင့်ဆိုင်ရာနယ်ပယ်သည် အရေးကြီးသော်လည်း သမိုင်းကြောင်းအရ အမျိုးသားများ၏ပါဝင်မှုများကသာ များပြားလျက်ရှိပြီး အမျိုးသမီးများကိုယ်စားပြုမှုမှာ နည်းပါးသည်ကို တွေ့ရှိရသည်။ ယနေ့ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်သည် စွမ်းဆောင်ရည် ပြည့်ဝကြသည့် အမျိုးသမီးများဖြစ်ကြပြီး မိသားစုအနာဂတ်ဘဝများ လှပအောင် ဖန်တီးပေးနိုင်စွမ်းရှိကြသော ဖန်တီးရှင်များ ဖြစ်ကြသည်။ ရှေးခေတ်ကာလကတည်းကပင် အမျိုးသမီးတီထွင်ဆန်းသစ်ကြသူများ၊ ဒီဇိုင်နာများနှင့် အနုပညာရှင်များ၊ အသိပညာရှင်များ၏ လုပ်ဆောင်ချက်များသည် ကမ္ဘာတစ်ဝန်း လူမှုစီးပွားဘဝကို အထောက်အကူ ရရှိစေခဲ့သည်မှာ ငြင်းဆိုဖွယ်ရာမရှိပေ။ သို့ရာတွင် ခေတ်အဆက်ဆက် ကျား/မ တန်းတူညီမျှမှု အားနည်းခဲ့သည့်အလျောက် အမျိုးသမီးများ၏ တီထွင်ဖန်တီးဆန်းသစ်မှုများသည် ဉာဏမူပိုင်ခွင့်ကိစ္စရပ်များတွင် အားနည်းလျက်ရှိသည်ကို တွေ့ရှိရသည်။

အမျိုးသမီးများသည် ဂီတ၊ ရုပ်ရှင်နှင့် ဖက်ရှင်အပါအဝင် တီထွင်ဖန်တီးမှုလုပ်ငန်းများတွင် ရှေးယခင်ကတည်းကပင် ပါဝင်ဆောင်ရွက်နေခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း အဆိုပါ ကဏ္ဍများတွင် ၎င်းတို့၏ အားထုတ်မှုများကို မကြာခဏ လျစ်လျူရှုထားခဲ့ကြသည်။ ထို့ကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် မှတ်ပုံတင်မူပိုင်များ၊ ကုန်အမှတ်တံဆိပ်နှင့် မူပိုင်ခွင့်များ အနည်းငယ်သာရရှိခဲ့ပြီး မူပိုင်ခွင့်အခွင့်အရေးများတွင် ကျား/မ ကွာဟမှုကို ဖြစ်ပေါ်စေခဲ့သည်။ ကမ္ဘာ့ဉာဏပစ္စည်းပိုင်ဆိုင်မှုအဖွဲ့အစည်း (World Intellectual Property Organization –WIPO) ၏ အစီရင်ခံစာအရ ၂၀၁၉ ခုနှစ် တွင် နိုင်ငံတကာမူပိုင်ခွင့် လျှောက်ထားမှု ၂၉ ရာခိုင်နှုန်းတွင် အမျိုးသမီးတီထွင်သူ တစ်ဦးသာ ပါဝင်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် မကြာသေးမီနှစ်များအတွင်း ဉာဏပစ္စည်း မူပိုင်ခွင့်၌ အမျိုးသမီးများ၏ပါဝင်မှုကို မြှင့်တင်ရန်နှင့် ၎င်းနယ်ပယ်တွင် ကျား/မရေးရာကွာဟမှုကို ဖြေရှင်းရန် လိုအပ်ကြောင်း ပိုမိုအသိအမှတ်ပြုလာခဲ့ကြသည်။

> **မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အခြားနိုင်ငံများရှိ အမျိုးသမီးများနည်းတူ နည်းပညာကဏ္ဍအပါအဝင် စီးပွားရေးကဏ္ဍအသီးသီးတွင် ပိုမိုပါဝင်လာကာ ဆန်းသစ်တီထွင်မှုများဖန်တီး၍ နိုင်ငံ၏စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုလျက်ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌လည်း မူပိုင်ခွင့်နယ်ပယ်တွင် အမျိုးသမီးများ ပိုမိုပါဝင်လာမှုကို မြှင့်တင်ရာ၌ မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို သိရှိနားလည်မှု အားနည်းခြင်း၊ ဥပဒေဆိုင်ရာအရင်းအမြစ်များကို ရင်းနှီးကျွမ်းဝင်မှုမရှိခြင်းနှင့် မူပိုင်ခွင့် အကာအကွယ်ရရှိရန် စာရင်းသွင်းလျှောက်ထားရာတွင် ကုန်ကျစရိတ်များအတွက် ငွေကြေးမလုံလောက်ခြင်း စသည့်ကိုင်တွယ်ဖြေရှင်းရန် လိုအပ်လျက်ရှိသော စိန်ခေါ်မှုများစွာ ကျန်ရှိနေ**

### မူပိုင်ခွင့်များမှတစ်ဆင့် အရှိန်မြှင့်တင်ပေးရန်လိုအပ်

သို့ဖြစ်ရာ အမျိုးသမီးများ၏ တီထွင်ဖန်တီးမှုများ တိုးပွားလာစေရန်နှင့် ၎င်းတို့၏ ကြိုးစားအားထုတ်ပံ့ပိုးမှုများသည် ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို အရှိန်မြှင့်ရန်တို့အတွက် မူပိုင်ခွင့်များမှတစ်ဆင့် အရှိန်မြှင့်တင်ပေးရန် လိုအပ်သည်။ ထို့ကြောင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ စတင်အသက်ဝင်လာသော ဧပြီလ ၂၆ ရက်နေ့ကို အသိအမှတ်ပြုသည့်အနေဖြင့် ကမ္ဘာ့မူပိုင်ခွင့်နေ့အဖြစ် သတ်မှတ်ကာ WIPO အနေဖြင့် တီထွင်ဆန်းသစ်မှုတွင် ကျား/မ တန်းတူညီမျှမှုကို မြှင့်တင်ရန်နှင့် အမျိုးသမီးများ၏ ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုတန်ဖိုးထားကြောင်း သေချာစေရန် ရည်ရွယ်သည့် ကျား/မရေးရာနှင့် ဆန်းသစ်တီထွင်မှုပဏာမအစီအစဉ် (Gender and Innovation initiative) ကို စတင်ခဲ့သည်။

အဆိုပါအစီအစဉ်အရ အမျိုးသမီးများ၏တီထွင်ဖန်တီးမှုလက်ရာများ ပိုမိုနေရာရရှိလာစေရေးနှင့် မူပိုင်ခွင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့ကျင့်ရေးအစီအစဉ်များနှင့် လမ်းညွှန်မှုအစီအစဉ်များကဲ့သို့သော အစီအစဉ်များနှင့် လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အခြေအနေများမှာ တဖြည်းဖြည်း ပြောင်းလဲလာလျက်ရှိပြီး အမျိုးသမီးများအနေဖြင့် ပညာရပ်နှင့် စက်မှုလက်မှုဆိုင်ရာ လုပ်ငန်းနယ်ပယ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များတွင် အသုံးပြုရန်ပစ္စည်းများနှင့် နည်းပညာအသစ်များ တီထွင်ဖန်တီးရာတွင် ပါဝင်လျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ပြင် အမျိုးသမီးများသည် ဇီဝနည်းပညာ၊ နာနိုနည်းပညာနှင့် ဉာဏ်ရည်တုအပါအဝင် ကျယ်ပြန့်သောနယ်ပယ်များစွာတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ ပါဝင်လာကြသည်ကို တွေ့ရှိရသည်။

### နာနိုနည်းပညာနယ်ပယ်တွင် မူပိုင်ခွင့်များစွာ ချီးမြှင့်ခံရ

ဥပမာတစ်ခုအနေဖြင့် နာနိုနည်းပညာနယ်ပယ်တွင် ၎င်း၏လုပ်ငန်းအတွက် မူပိုင်ခွင့်များစွာ ချီးမြှင့်ခံရသော အီဂျစ်သိပ္ပံပညာရှင် ဒေါက်တာဟယ်လာ အယ်လ်ဆက်ဒ်ကို ညွှန်းဆိုရမည် ဖြစ်သည်။ ဒေါက်တာ အယ်လ်ဆက်ဒ်သည် ဆေးဝါးပို့ဆောင်မှုစနစ်များနှင့် တစ်သျှူး အင်ဂျင်နီယာများကဲ့သို့သော ဇီဝဆေးပညာဆိုင်ရာ အသုံးချမှုများ၌ အသုံးပြုရန်အတွက် ပစ္စည်းအသစ်များ တီထွင်ရာတွင် အဓိကပါဝင်ဆောင်ရွက်နေသူ ဖြစ်သည်။ နည်းပညာအသစ်များ ဖန်တီးခြင်းအပြင် အမျိုးသမီးများသည် အဆိုပါနည်းပညာများကို စီးပွားဖြစ်ထုတ်လုပ်ရာတွင်လည်း ပါဝင်လာကြသည်ကို တွေ့ရှိရသည်။ ထို့ပြင် အမျိုးသမီးများသည် ၎င်းတို့၏ ကိုယ်ပိုင် ထွန်းသစ်စလုပ်ငန်း (startup) များကို တည်ထောင်၍ စွန့်ဦးတီထွင်သူများ (Entrepreneurs) ဖြစ်လာကာ မူပိုင်ခွင့်အခွင့်အရေးများဖြင့် ၎င်းတို့၏ တီထွင်ဆန်းသစ်မှုတွင် ကိုယ်ပိုင်မူပိုင်ခွင့်များဖြင့် ဦးဆောင်ပါဝင်မှုပမာဏများ တိုးပွားလာလျက်ရှိသည်။

ယနေ့ စတုတ္ထစက်မှုတော်လှန်ရေးခေတ်တွင် အမျိုးသမီးများအနေဖြင့် ဉာဏပစ္စည်း မူပိုင်ခွင့်နယ်ပယ်အတွက် ထင်သာမြင်သာရှိသည့် ကြိုးပမ်းအားထုတ်မှုမှာ နည်းပညာသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အမျိုးသမီးများသည် မျိုးဗီဇကုထုံးများနှင့် ခုခံအားကုထုံးများကဲ့သို့သော ဆေးဘက်ဆိုင်ရာ ကုသမှုအသစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်လာကြသကဲ့သို့ ဆိုလာပြားများနှင့် ဘက်ထရီများကဲ့သို့သောများနှင့် စိတ်ကူးစိတ်သန်းများကို ကာကွယ်နိုင်ရန် ကြိုးစားလာနေကြသည်ကို တွေ့ရှိရသည်။

သို့ရာတွင် အမျိုးသမီးများသည် မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ သိသာထင်ရှားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ အထူးသဖြင့် လက်ရှိကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေး အကျပ်အတည်းများနှင့် နည်းပညာတိုးတက်မှုများကဲ့သို့သော ကဏ္ဍများ၌ ဉာဏပစ္စည်းမူပိုင်ခွင့်တွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍသည် အထူးအရေးကြီးလှသည်။ ၎င်းစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် တီထွင်ဖန်တီးမှုဆိုင်ရာ ဖြေရှင်းနည်းများနှင့် ဆန်းသစ်တီထွင်မှုများ လိုအပ်လျက်ရှိပြီး အမျိုးသမီးများအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်သည့် အခြေအနေများပင်ဖြစ်သည်။

### တန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်

မျက်မှောက်ခေတ် ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ သိပ္ပံနှင့်နည်းပညာရပ်များ အံ့မခန်းတိုးတက်လာလျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးစွမ်းအားစုကြီး၏ ပါဝင်ဆောင်ရွက်မှုကို ရယူနိုင်ရေးလိုအပ်သလို အမျိုးသမီးထုတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်ပေးရန်လိုအပ်သည်။ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသည် တန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သည်။ အလားတူ အမျိုးသမီးထုအချင်းချင်း၊ နည်းပညာများကို အကျိုးရှိစွာအသုံးပြု၍ သတင်းအချက်အလက်ဖြန့်ဖြူးမှု၊ အသိပညာပေးမှု၊ နီးနှောဖလှယ်မှုများသည် အနာဂတ်အတွက် အင်အားများပင်ဖြစ်သည်။

အထူးသဖြင့် အမျိုးသမီးများကို နည်းပညာအသုံးချတတ်အောင် ငယ်စဉ်ကတည်းကပင် မြေတောင်မြှောက် သင်ကြားပေးသင့်သည်။ အမျိုးသမီးများအတွက် အကျိုးရှိစေမည့် တီထွင်ဆန်းသစ်မှုတစ်ရပ် ထိရောက်အောင်မြင်စေရန်မှာ အခြင်းအရာအမျိုးမျိုးပေါင်းဆုံမိရန် လိုအပ်သည်ဟု ဆိုရပေမည်။ တီထွင်ဆန်းသစ်မှုသည် စိတ်ကူးစိတ်သန်း အကြံဉာဏ်ကောင်းရုံဖြင့် မအောင်မြင်နိုင်ပေ။ ယင်းတီထွင်ဆန်းသစ်မှုကို လက်ခံကျင့်သုံးနိုင်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ လိုက်လျောညီထွေဖြစ်နေရန် လိုအပ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ မကြာသေးမီနှစ်များကပင် မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးနိုင်ရေးအတွက် ဥပဒေထုတ်ပြန်ခြင်းများအပါအဝင် သိသာထင်ရှားသော အပြောင်းအလဲများကို ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အခြားနိုင်ငံများရှိ အမျိုးသမီးများနည်းတူ နည်းပညာကဏ္ဍအပါအဝင် စီးပွားရေးကဏ္ဍအသီးသီးတွင် ပိုမိုပါဝင်လာကာ ဆန်းသစ်တီထွင်မှုများဖန်တီး၍ နိုင်ငံ၏စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုလျက်ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌လည်း မူပိုင်ခွင့်နယ်ပယ်တွင် အမျိုးသမီးများ

စာမျက်နှာ ၁၁ သို့ ✴

✳ စာမျက်နှာ ၁၀ မှ
ပိုမိုပါဝင်လာမှုကို မြှင့်တင်ရာ၌ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို သိရှိနားလည်မှု အားနည်းခြင်း၊ ဥပဒေဆိုင်ရာအရင်းအမြစ်များကို ရင်းနှီးကျွမ်းဝင်မှု မရှိခြင်းနှင့် မူပိုင်ခွင့်အကာအကွယ်ရရှိရန် စာရင်းသွင်းလျှောက်ထားရာတွင် ကုန်ကျစရိတ်များအတွက် ငွေကြေးမလုံလောက်ခြင်း စသည့် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်လျက်ရှိသော စိန်ခေါ်မှုများစွာ ကျန်ရှိနေသေးသည်။

**စီးပွားရေးလုပ်ငန်းများအတွက်**
**အဓိကအတားအဆီး**

မြန်မာနိုင်ငံအတွင်း အမျိုးသမီးများ ဦးဆောင်၍ စီးပွားရေးလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ စီးပွားရေးမှတ်ပုံတင်ခြင်း၊ လိုင်စင်ယူခြင်း၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း စသည့်စီးပွားရေးဆိုင်ရာအသိပညာများ၊ သတ်မှတ်ချက်များ၊ ဥပဒေစည်းမျဉ်းများ၊ သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီသည့်အရေအတွက်မှာ စစ်တမ်းများအရ ၂၆ ရာခိုင်နှုန်းသာ ရှိသည်ဟု သိရသည်။ စစ်တမ်းတွင် ပါဝင်ဖြေဆိုသူ လုပ်ငန်းရှင်အမျိုးသမီးများမှ ပါဝင်ဖြေဆိုရာ၌ ပြည်ပဈေးကွက်များနှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် ထိုဈေးကွက်များအတွင်းသို့ မည်သို့မည်ပုံဝင်ရောက်နိုင်မည်ဟူသော သတင်းအချက်အလက်များကို လက်လှမ်းမီရန် ခက်ခဲလျက်ရှိပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအတွက် အဓိက အတားအဆီးဖြစ်ကြောင်း ဖြေဆိုခဲ့ကြသည်။

ယခုအခါ အဆိုပါစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် မြန်မာနိုင်ငံတွင် မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ အမျိုးသမီးများ ပိုမိုပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် ရည်ရွယ်သည့် အစပျိုးလုပ်ဆောင်မှု များစွာရှိလာသည်ကို တွေ့ရှိရသည်။ ဥပမာအားဖြင့် မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် အမျိုးသမီး စွန့်ဦးတီထွင်သူများအား ၎င်းတို့၏ မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို နားလည်စေရန် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာသင်တန်းများနှင့် နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးလျက်ရှိပြီး မူပိုင်ခွင့်ဆိုင်ရာအရင်းအမြစ်များ ပံ့ပိုးပေးလျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံအမျိုးသမီး စွန့်ဦးတီထွင်သူများအသင်း (MWEA) သည် မူပိုင်ခွင့်ကာကွယ်ရေးအပါအဝင် စီးပွားရေးကဏ္ဍအသီးသီးတွင် အမျိုးသမီးစွန့်ဦးတီထွင်သူများကို ပံ့ပိုးကူညီရန် လုပ်ဆောင်လျက်ရှိသည်။

အဆိုပါကြိုးပမ်းမှုများရှိနေသည့် ကြားမှပင် မြန်မာနိုင်ငံရှိ အမျိုးသမီးများအနေဖြင့် မူပိုင်ခွင့်ကာကွယ်ရေးနှင့် အခွင့်အလမ်းများကို တန်းတူရရှိစေရန် လုပ်ဆောင်ရမည့် အလုပ်များစွာ ကျန်ရှိနေသေးသည်မှာ အမှန်ပင်ဖြစ်သည်။ မူပိုင်ခွင့်ဆိုင်ရာ ကာကွယ်ပေးမှုနှင့် အခွင့်အရေးများနှင့်စပ်လျဉ်း၍ အသိပညာများ ပိုမိုသိရှိလာစေခြင်းနှင့် ဥပဒေဆိုင်ရာ ပံ့ပိုးကူညီမှုများ ပိုမိုရရှိလာစေခြင်းတို့သည် မူပိုင်ခွင့်နယ်ပယ်တွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန်နှင့် ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ ကြိုးစားမှုများကို အသိအမှတ်ပြုတန်ဖိုးထားကြောင်း သိရှိလာစေရန်ရည်ရွယ်၍ အရေးတကြီးလုပ်ဆောင်ရမည့် အချက်များဖြစ်ပေသည်။

အမျိုးသမီးများ၏ တီထွင်ဆန်းသစ်နိုင်စွမ်း၊ ထုတ်လုပ်မှုစွမ်းရည်နှင့် စွမ်းအားများအရ ထုတ်ယူမှု မပြုရသေးသော အရေးပါသည့် အလားအလာများစွာသည် မြန်မာနိုင်ငံအတွင်း တည်ရှိနေဆဲဖြစ်သည်။ “ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးစေရမည်” ဆိုသည့်အတိုင်း အမျိုးသမီး စွန့်ဦးတီထွင်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံတွင် အလုပ်အကိုင်များ၊ စီးပွားရေးလုပ်ငန်းသစ်များ ပေါ်ထွန်းလာစေရန်အတွက် အဓိကကျသည့် အခွင့်အလမ်းဖြစ်ပြီး စီးပွားရေးနယ်ပယ်တွင် မတူကွဲပြားသည့်လုပ်ငန်းများကို ဖြစ်ပေါ်လာစေမည် ဖြစ်သည်။ ထိုသို့ စီးပွားရေးကဏ္ဍ၌ အမျိုးသမီးများ၏ ပါဝင်မှုကို တိုးတက်လာစေခြင်းသည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလမ်းကြောင်းများပင် ဖြစ်ပေသည်။ ယနေ့အထိ လက်ခံရရှိပြီးလျှောက်လွှာပေါင်း ၄၅၀၀၀ ကျော်အနက် အမျိုးသမီးများ၏ ဦးဆောင်လျှောက်ထားမှုကို လေ့လာသုံးသပ်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်း၌ မူပိုင်ခွင့်နယ်ပယ်တွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍကို သိရှိနိုင်မည် ဖြစ်သည်။

**အလုံးစုံအကျိုးရှိ**

မြန်မာနိုင်ငံရှိ အမျိုးသမီးစွန့်ဦးတီထွင်သူများ၏ အခြေအနေကို ပိုမိုနားလည်လာပြီး ဈေးကွက်၊ နည်းပညာ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော ဝန်ဆောင်မှုများ ရရှိစေမှုတို့သည် ယင်းတို့၏ စီးပွားရေးလုပ်ငန်းများ ကြီးထွားအောင် အထောက်အကူပြုမည့် လိုအပ်ချက်များဖြစ်သည်။ ထို့ပြင် အမျိုးသမီးများ၏ စွန့်ဦးတီထွင်မှုများမှသည် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) အဆင့်အထိ ရောက်ရှိလာစေရန် ပံ့ပိုးပေးရမည် ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ရာ အမျိုးသမီးများ၏ ဆန်းသစ်တီထွင်မှုများဖြင့် ဆောင်ရွက်နေသည့် MSME လုပ်ငန်းများကို ပိုမိုအလေးထားအားပေးခြင်းဖြင့် နိုင်ငံတော်အစိုးရ၊ လုပ်ငန်းရှင် အမျိုးသမီးနှင့် ၎င်း၏ ပံ့ပိုးမှုဖြင့် ရပ်တည်နေသော မိသားစုများ၊ ပြည်တွင်းစားသုံးသူများ စသည်တို့ကို အလုံးစုံအကျိုးရှိစေခြင်း (all-around win)ကို ဖြစ်စေမည် ဖြစ်သည်။ အစိုးရအနေဖြင့် စီးပွားရေးဦးတည်ချက် (၄) ရပ်တွင် **“သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး”** ဟု ထည့်သွင်းချမှတ်ထားသည်။ အချုပ်အားဖြင့် ကြည့်လျှင် သွင်းကုန်အစားထိုးဆောင်ရွက်၍ ပို့ကုန်မြှင့်တင်ရေးကို ဆောင်ရွက်ရန် အစိုးရမူဝါဒက ချမှတ်ထားခြင်းဖြစ်ပြီး ယင်းအတွက် လုပ်ငန်းဆောင်ရွက်ချက်အနေဖြင့် MSME များကို အားပေးတိုက်တွန်းခြင်းဖြစ်သည်။

ထို့ပြင် ဥပဒေစည်းမျဉ်းများအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးဆောင်ရွက်နိုင်မည့် တီထွင်ဆန်းသစ်သူများ၊ စွန့်ဦးတီထွင်သူများ ပေါ်ပေါက်လာစေရေးအတွက် မဟာဗျူဟာချမှတ်ထားခြင်း၊ မူပိုင်ခွင့်ကဲ့သို့သောဥပဒေများကို ပြဋ္ဌာန်းခြင်းများဖြင့် လမ်းဖောက်ပေးလျက်ရှိသည်။ အမျိုးသမီးများ အလုပ်အကိုင်ရရှိရေး၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ရရှိရေးနှင့် လူ့အဖွဲ့အစည်းများအတွင်း အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ရေး၊ ကျား/မတန်းတူညီမျှမှုရှိရေးကိစ္စရပ်များ ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးလာနိုင်သကဲ့သို့ အနာဂတ်မျိုးဆက်အတွက် အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေမည်ဖြစ်ပြီး ကောင်းမွန်သည့်မူဝါဒကို ချမှတ်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

> ❛ **မြန်မာနိုင်ငံရှိ အမျိုးသမီးစွန့်ဦးတီထွင်သူများ၏ အခြေအနေကို ပိုမိုနားလည်လာပြီး ဈေးကွက်၊ နည်းပညာ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သောဝန်ဆောင်မှုများ ရရှိစေမှုတို့သည် ယင်းတို့၏စီးပွားရေးလုပ်ငန်းများ ကြီးထွားအောင် အထောက်အကူပြုမည့် လိုအပ်ချက်များဖြစ်သည်။ ထို့ပြင် အမျိုးသမီးများ၏ စွန့်ဦးတီထွင်မှုများမှသည် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) အဆင့်အထိ ရောက်ရှိလာစေရန် ပံ့ပိုးပေးရမည်ဖြစ်** ❜

**အကျိုးကျေးဇူးများကို ရရှိခံစားရမည်**

ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကဏ္ဍကို လေ့လာကြည့်မည်ဆိုလျှင် မှတ်ပုံတင်ခွင့်ရရှိသူများအနေဖြင့် စီးပွားရေးဆိုင်ရာနစ်နာမှုများ ကြုံတွေ့လာရပါက တရားမကြောင်းအရ တရားစွဲဆိုနိုင်ခြင်း၊ မမှန်ကန်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းသို့ ဝင်ရောက်ခြင်းကို ဟန့်တားပေးနိုင်ခြင်း၊ အမှတ်တံဆိပ်ပိုင်ရှင်အတွက် ယုံကြည်မှုမြင့်မားသည့် ဈေးကွက်တွင် မူပိုင်ခွင့်အကာအကွယ် ရယူထားနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်ခြင်းမှ ကာကွယ်ဟန့်တားနိုင်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေးများကို ခံစားလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခံစားရမည်ဖြစ်သည်။

တီထွင်ဖန်တီးသူများအတွက် ရလဒ်များအားလုံးသည် ၎င်းတို့၏ ကြိုးစားအားထုတ်မှုကြောင့် ရရှိလာသော အသီးအပွင့်များ ဖြစ်သည်။ ယင်းအသီးအပွင့်များကို တန်ဖိုးရှိလာစေရန်နှင့် အကြံဉာဏ်များကို လက်တွေ့အကောင်အထည်ဖော်၍ ပိုင်ဆိုင်မှုတစ်ခုအဖြစ် အသွင်ပြောင်းပေးနိုင်သည်မှာ မူပိုင်ခွင့်သာ ဖြစ်သည်။ ထို့ကြောင့် မူပိုင်ခွင့်ကို နားလည်သဘောပေါက်ခြင်းနှင့် ကာကွယ်ပေးခြင်းသည် တစ်ဦးတစ်ယောက်ချင်းစီ၏ စီးပွားရေးကို ပိုမိုယှဉ်ပြိုင်လာနိုင်ရန် ပံ့ပိုးပေးနိုင်ပြီး မူပိုင်ခွင့်နှင့် ဆက်စပ်သည့် အခက်အခဲအဟန့်အတားများကို စီမံကိုင်တွယ်ဖြေရှင်းလာနိုင်စေမည် ဖြစ်သည်။ မူပိုင်ခွင့်စနစ်ကို ထိထိရောက်ရောက် အသုံးပြုခြင်းဖြင့် ဆန်းသစ်တီထွင်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ကာကွယ်ပေးခြင်း၊ တရားဝင်ကုန်အမှတ်တံဆိပ်ဖြစ်ခြင်းကြောင့် အမြင်ပသာဒရှိကာ ဈေးကွက်၌ ထုတ်ကုန်များ၏တန်ဖိုးနှင့် ဆွဲဆောင်မှုတို့ကို မြှင့်တက်လာစေခြင်း၊ နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ အသိပညာဗဟုသုတများ ရရှိလာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်ပေမည်။ ထို့ပြင် တစ်ဦးတည်းပိုင်ကုန်ထုတ်လုပ်မှုအကြောင်းတရားများကို တခြားသူများက မသိရှိဘဲ အသုံးပြုမိခြင်းဖြစ်စေ၊ ကုန်ထုတ်လုပ်သူ၏ ကိုယ်ပိုင်အချက်အလက်များ၊ ထုတ်လုပ်မှုများနှင့် တီထွင်ဖန်တီးမှုရလဒ်များကို မတော်တဆ ပျောက်ဆုံးခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လာမည့်အန္တရာယ်များကို ရှောင်ရှားနိုင်စေမည် ဖြစ်သည်။

**ကိုယ်ပိုင်လုပ်ငန်းများကို စတင်ဆောင်ရွက်**

နိဂုံးချုပ်အနေဖြင့် အမျိုးသမီးများသည် တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ အမြဲပါဝင်နေသော်လည်း ၎င်းတို့၏ ပံ့ပိုးကူညီမှုများကို အမြဲအသိအမှတ်ပြုခံရခြင်း သို့မဟုတ် တန်ဖိုးထားခံရခြင်း မရှိခဲ့ပေ။ ပြောင်းလဲလာသည့် ကမ္ဘာ့ရေစီးကြောင်းများအလိုက် ယနေ့ခေတ်တွင် အမျိုးသမီးများသည် လူမှုအတားအဆီးများမှဖောက်ထွက် လွတ်မြောက်စေရန်အလို့ငှာ နည်းပညာဆန်းသစ်မှုနှင့် တီထွင်မှုစသည့် နှစ်ရပ်ဖြင့် ၎င်းတို့၏စွမ်းရည်ကို ဖော်ထုတ်ကာ ကိုယ်ပိုင်လုပ်ငန်းများကို စတင်ဆောင်ရွက်လာနေကြပြီ ဖြစ်သည်။ တီထွင်ဆန်းသစ်မှုတို့တွင် ကန့်သတ်ချက်များထားရှိခြင်းသည် အလားအလာရှိသည့် အကျိုးဖြစ်စေနိုင်သော အကြံဉာဏ်များအားလုံးကို ဆုံးရှုံးစေနိုင်သည်။ ငယ်စဉ်မှစတင်၍ ဘဝတစ်လျှောက်လုံး ထိတွေ့ရမည့် ပညာရေးမှစတင်၍ ဆန်းသစ်တီထွင်မှုကို အခြေခံသော ကျောင်းပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းအားဖြင့် အမျိုးသမီးများ၏ တီထွင်ဖန်တီးဆန်းသစ်နိုင်စွမ်းအားကို သန္ဓေတည်ပေးရာရောက်မည်ဖြစ်သည်။ အမျိုးသမီးများအတွက် လိုအပ်သော အရင်းအမြစ်များ၊ ပညာရေးနှင့် အခွင့်အလမ်းများကို ပံ့ပိုးပေးခြင်းဖြင့် ဤနယ်ပယ်တွင် ကျား/မရေးရာ ကွာဟမှုကိုဖြေရှင်းရန်နှင့် မတူကွဲပြားသည့် ပါဝင်မှုကိုမြှင့်တင်ရန် ကူညီပေးနိုင်မည်ဖြစ်သည်။

လက်ရှိတွင် အတည်ပြုထုတ်ပြန်ထားပြီးဖြစ်သည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)၏ အခန်း(၅) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာကဏ္ဍပါ မဏ္ဍိုင်(၁)။ အခွင့်အလမ်းနှင့် လူတိုင်းအကျုံးဝင်မှုတွင် ကျား/မရေးရာ ထည့်သွင်းဆောင်ရွက်ထားသည့်မူဝါဒ ပါရှိသည်ဖြစ်ရာ မူပိုင်ခွင့်နယ်ပယ်တွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်၍ ပိုမိုကောင်းမွန်သော ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို ဖြစ်ပေါ်စေရေးအတွက် တွန်းအားတစ်ရပ်ပင် ဖြစ်သည်။ အမျိုးသမီးများအနေဖြင့်လည်း ခေတ်နှင့်လျော်ညီစွာနေထိုင်နိုင်ရေးအတွက် ပညာရည်ပြည့်ဝရေးနှင့် အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝရေး စသည့် အချက်(၂) ချက်နှင့် ပြည်စုံနေရန် လိုအပ်သည်။ သို့ဖြစ်၍ ပိုမိုကောင်းမွန်ပြီး ရေရှည်တည်တံ့သည့် အနာဂတ်တစ်ခုအတွက် တီထွင်ဆန်းသစ်မှုကို မြှင့်တင်ပေးနိုင်မည့် ထိရောက်၍ မျှတမှုရှိသော မူပိုင်ခွင့်ဂေဟစနစ်တစ်ခု ဖွံ့ဖြိုးလာစေရန်နှင့် အမျိုးသမီးများ ယင်းစနစ်ကို ပိုမိုထိတွေ့လာကာ နိုင်ငံတော်က ရည်မှန်းလုပ်ဆောင်နေသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြုရေးသားအပ်ပါသည်။ ။

■

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၈၅၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၃၁,၇၀၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၅၉၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၇၅၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

ဘားအံ မေ ၂၇

မြစ်ချောင်း ရေလမ်းကြောင်းများ တည်ငြိမ်စေပြီး မြို့ရွာများ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်နိုင်ရန် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ မေ ၂၆ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် ဇာသပြင်ကျေးရွာ ကျိုက်ပံကရုံ စေတီတော်ပရိဝုဏ် (ဂျိုင်းမြစ်) ကမ်းပြိုကာကွယ်ရေး လုပ်ငန်းအပိုင်း (၁) နှင့် (၂) ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ (၁၁) ကရင်ပြည်နယ် ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးလှမိုးက လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ကြိုတင်ကာကွယ် ဆောင်ရွက်သင့်သည့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လျာထားအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ မေ ၂၅ ရက် နံနက်ပိုင်းက ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ် (တံတားကျိုး) လမ်းပေါ်ရှိ တံတားအထူးအဖွဲ့ (၁၄) က တာဝန်ယူတည်ဆောက်သော တံတားအမှတ် (၂/၃၀) အရှည် ပေ ၈၀၊ အကျယ် ၃၁ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိ သံကူကွန်ကရစ် တံတားအမျိုးအစား ရာနှုန်းပြည့်တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ညို၊ တံတားအထူးအဖွဲ့ (၁၄) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဖြိုးတို့က တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ် (တံတားကျိုး) လမ်းပေါ်ရှိ တံတားအမှတ် (၅/၃၀) အရှည် ပေ ၁၂၀၊ အကျယ် ၃၁ ပေ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)





# ရှမ်းပြည်နယ်ဝန်ကြီးချုပ် လားရှိုးခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

လားရှိုး မေ ၂၇

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လားရှိုးမြို့ မြို့တော်ခန်းမတွင် မေ ၂၆ ရက် ညနေ ၄ နာရီခွဲက လားရှိုးခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် လားရှိုးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများက ဒေသလိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယပြည်နယ်ခွဲ၊ ခရိုင်၊ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ လားရှိုးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မြို့နယ်များရှိ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ၁၉ ဖွဲ့၊ တိုင်းရင်းသားစာပေယဉ်ကျေးမှု ၁၀ ဖွဲ့တို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ပြီး ခင်းကျင်းပြသထားသော MSMEs အသေးစား၊ အလတ်စား၊ အငယ်စား၊ ဒေသထွက်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လားရှိုးပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို ကြည့်ရှုအားပေးစကားပြောကြားကာ စားသောက်စရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ငပုတောမြို့၌ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းဖွင့်လှစ်

ငပုတော မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့၌ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းနည်းပြ မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်ဌေးနွယ်က မီးဖိုချောင်သုံးဆေးဖက်ဝင်ပစ္စည်းများ အသုံးပြုပုံ၊ မိမိပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင်အပင်များအသုံးပြုပုံ၊ ရောဂါအတွက် ဆောင်ရန်၊ ရှောင်ရန်များကို ပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၄၄ ဦးတက်ရောက်ပြီး နှစ်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကမ္ဘောဒီးယားနိုင်ငံက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရန် အဆင်သင့်ဖြစ်

ဖနောင်ပင် မေ ၂၇

ကမ္ဘောဒီးယားနိုင်ငံသည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မေ ၅ ရက်မှ ၁၇ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အဆင်သင့်ဖြစ်လျက်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ ခရီးသွားလုပ်ငန်းဝန်ကြီး သောင်ခွန်က ယနေ့တွင် ပြောကြားသည်။

လာမည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ အားကစားသမားပေါင်း ၅၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဟုသိရသည်။ (၃၂)ကြိမ်မြောက် ဆီးဂိမ်းအတွက် ဆောင်ပုဒ်မှာ "Sport: Live in Peace" ဖြစ်ပြီး အားကစားပြိုင်ပွဲအတွက် အထိမ်းအမှတ်တံဆိပ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ အကျော်ကြားဆုံး အန်ကောဝပ်ကျောင်းတော်ကို ကိုယ်စားပြုကြောင်း သိရသည်။ အဆိုပါအားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က မေ ၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်းလည်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်က အားကစားရွာကို တရားဝင်ဖွင့်လှစ်ခဲ့သည်။ အားကစားပြိုင်ပွဲတစ်လျှောက် အားကစားသမားများ၊ နည်းပြများ၊ ဒိုင်လူကြီးများ၊ အကဲဖြတ်ဒိုင်များနှင့် အားကစားကိုယ်စားလှယ်များ နေထိုင်ရေးအတွက် ဟိုတယ် ၁၁ လုံးကိုလည်း စီစဉ်ထားကြောင်း သိရသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# သီရိလင်္ကာနိုင်ငံရှိ အစိုးရဆေးရုံများ၌ မရှိမဖြစ်လိုအပ်သည့် ဆေးဝါးအမျိုးအစား ၁၀၀ ကျော် ပြတ်လပ်လျက်ရှိ

ကိုလံဘို မေ ၂၇

သီရိလင်္ကာနိုင်ငံရှိ အစိုးရဆေးရုံများ၌ မရှိမဖြစ်လိုအပ်သည့် ဆေးဝါးအမျိုးအစား ၁၀၀ ကျော် ပြတ်လပ်လျက်ရှိကြောင်း သီရိလင်္ကာကျန်းမာရေးဝန်ကြီး ကီဟီလီယာ ရမ်ဘူဝီလာက လွှတ်တော်သို့ ယနေ့ပြောကြားသည်။

အစိုးရဆေးရုံများတွင် ဆေးဝါးအမျိုးအစားပေါင်း ၁၃၄၇ ခန့်ကို အသုံးပြုလျက်ရှိသော်လည်း လက်ရှိတွင် ဆေးဝါးအမျိုးအစား ၁၁၂ မျိုး ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း သီရိလင်္ကာကျန်းမာရေးဝန်ကြီး ကီဟီလီယာ ရမ်ဘူဝီလာက ပြောကြားသည်။

အစိုးရသည် ဆေးဝါးတင်သွင်းမှုအတွက် တစ်နှစ်လျှင် ရူပီး ၅၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅၅ သန်း)သုံးစွဲကြောင်း ဝန်ကြီးက ဆိုသည်။

ဆေးဝါးပြတ်လပ်မှုများကို ပြန်လည်ဖြည့်တင်းနိုင်ရန်အတွက် ရူပီးငွေ ၄၀ ဘီလီယံ (ဒေါ်လာ ၁၂၄ သန်း)ကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ တောင်းခံထားကြောင်းနှင့် ဆေးဝါးပြတ်လပ်မှုများ မကြာမီပြီးဆုံးတော့မည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

သီရိလင်္ကာဆေးရုံများသည် နိုင်ငံ၏စီးပွားရေးအကျပ်အတည်းကြောင့် ၂၀၂၂ ခုနှစ်ကတည်းက ဆေးဘက်ဆိုင်ရာ ပစ္စည်းများအပါအဝင် ဆေးဝါးပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရသည်။

ကိုးကား–ဆင်ဟွာ

ဘာသာပြန်–အောင်ကျော်ကျော်





# ထိုင်းနိုင်ငံသို့ တရုတ်ခရီးသည် ဝင်ရောက်မှုများပြား

ဗန်ကောက် မေ ၂၇

ထိုင်းနိုင်ငံသို့ တရုတ်ခရီးသည်များဝင်ရောက်မှုများပြားလာခြင်းသည် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် အပေါင်းလက္ခဏာပြသည့် အခြေအနေဖြစ်ကြောင်း Kasikorn Research Center မှတာဝန်ရှိသူ Kevalin Wangpichayasuk က ပြောကြားသည်။

တရုတ်နိုင်ငံက ၎င်း၏ ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးမူဝါဒများကို ပြင်ဆင်လိုက်ပြီးနောက် ယခုကဲ့သို့ ထိုင်းနိုင်ငံအတွင်း တရုတ်ခရီးသည် ဝင်ရောက်မှုများပြားလာခြင်းဖြစ်ပြီး နေ့စဉ်ပျမ်းမျှဝင်ရောက်သူဦးရေ ၁၀၀၀၀ ဝန်းကျင်ခန့်ရှိကာ ထပ်မံ၍လည်း များပြားလာနိုင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသို့ လာရောက်သည့် တရုတ်ခရီးသည်များတွင် လူငယ်များနှင့် အုပ်စုလိုက်ဝင်ရောက်လာသည့် ခရီးသည်များကို အများဆုံးတွေ့ရှိရပြီး အဓိကရည်ရွယ်ချက်မှာ ထိုင်းရိုးရာအစားအသောက်နှင့် ဖက်ရှင်ဒီဇိုင်းများကို လေ့လာချင်၍ လာရောက်လည်ပတ်သူများပြားကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက်မှ မေ ၂၃ ရက်အတွင်း တရုတ်ခရီးသည် ၇၃၇၀၀၀ ကျော် ထိုင်းနိုင်ငံသို့လာရောက်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံဘက်မှလည်း တရုတ်ခရီးသည်များအားဆွဲဆောင်နိုင်ရန် ဆိုရှယ်မီဒီယာများမှ ဆောင်ရွက်နေပြီး တရုတ်နှင့် ထိုင်းနိုင်ငံများအကြား လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းစေခြင်း၊ ခရီးသွားလုပ်ငန်း၌ တရုတ်ဘာသာစကားတတ်ကျွမ်းသည့်ဝန်ထမ်းများအား ခန့်အပ်ခြင်းနှင့် ဒေသထွက်ကုန်များကို ရောင်းချနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# ဂျပန်ပန်းချီဆရာများနှင့် ကာတွန်းဆရာများက ဉာဏ်ရည်တု မူပိုင်ခွင့်ဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် တောင်းဆို

တိုကျို မေ ၂၇

ဂျပန်နိုင်ငံရှိ ပန်းချီဆရာများနှင့် ကာတွန်းဆရာများက ၎င်းတို့၏ မူပိုင်ခွင့်ရထားသော အနုပညာလက်ရာများကို ဉာဏ်ရည်တုအသုံးပြုကာ ပုံတူကူးချခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဉာဏ်ရည်တု မူပိုင်ခွင့်ဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် တောင်းဆိုလျက်ရှိကြောင်း သိရသည်။

ပန်းချီဆရာ Mokume Momoji နှင့် အနုပညာရှင် ၃၀ ခန့်ပါဝင်သော အနုပညာအဖွဲ့မှ အဖွဲ့ဝင်နှစ်ဦးသည် ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဉာဏ်ရည်တုဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် တောင်းဆိုခဲ့သည်။

ပုံဖန်တီးမှုပြုလုပ်ပေးသည့် AI အမျိုးအစားအများစုသည် ၎င်းတို့၏ မူပိုင်ခွင့်ကိုင်ဆောင်သူများထံမှ ခွင့်ပြုချက်မရရှိဘဲ ရုပ်ပုံများကို စုဆောင်းကာ ကူးယူအသုံးပြုမှုများရှိသည်ကို တွေ့ရှိရကြောင်း ၎င်းတို့က ထောက်ပြသည်။

ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းမှ ပုံများကို ပြောင်းလဲခြင်းနှင့် ၎င်းတို့၏ ကိုယ်ပိုင်ဖန်တီးမှုအဖြစ် ပြသခြင်းစသည့် ပြဿနာများသည် AI အသုံးပြုသူများအကြား ဖြစ်ပွားလျက်ရှိကြောင်း ၎င်းတို့က ဆိုသည်။

AI ပရိုဂရမ်ရေးဆွဲသူများသည် ရုပ်ပုံဖန်တီးမှုများ မပြုလုပ်မီ မူပိုင်ခွင့်ကိုင်ဆောင်ထားသူများထံမှ ခွင့်ပြုချက်ရယူစေလိုကြောင်းလည်း ၎င်းတို့က ဆိုသည်။

ထို့ပြင် AI ဖွံ့ဖြိုးတိုးတက်မှုနှင့် မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များအတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

Generative AI မှ ဖန်တီးထားသော ရုပ်ပုံများကို သိသာရှင်းလင်းမှုရှိစေရန် ကိုယ်ပိုင်အမှတ်အသားပြုလုပ်သင့်ပြီး ဖန်တီးသူများသည် မူရင်းမူပိုင်ခွင့်ကိုင်ဆောင်သူများကို အခကြေးငွေပေးဆောင်ရန် လိုအပ်ကြောင်းလည်း ပန်းချီဆရာများက ဆိုသည်။

သူ၏ ပန်းချီလက်ရာအများအပြား အွန်လိုင်းတွင် ဖြန့်ချိထားသည်ကို တွေ့ရှိရပြီး ယင်းသို့လုပ်ဆောင်ခြင်းကို လုံးဝလက်သင့်မခံနိုင်ပါကြောင်း ပန်းချီဆရာ Mokume က ဆိုသည်။ တီထွင်ဖန်တီးမှုဆိုင်ရာ လှုပ်ရှားမှုများနှင့် အနုပညာရှင်များ၏ အခွင့်အရေးများကို ဂျပန်အစိုးရအနေဖြင့် ကာကွယ်ပေးစေလိုပါကြောင်း ပန်းချီဆရာများက တောင်းဆိုထားကြောင်း သိရသည်။

ကိုးကား–အင်န်အိတ်ချ်ကေ

ဘာသာပြန်–အောင်ကျော်ကျော်

# ယခုနှစ်အတွင်း လျှပ်စစ်ကားရောင်းချမှု ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်မည်ဟု မျှော်လင့်ရ

ပါရီ မေ ၂၇

ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်ကားရောင်းချရမှုသည် ၂၀၂၃ ခုနှစ်အတွင်း ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်လာလိမ့်မည်ဟု မျှော်လင့်ရကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီက မေ ၂၆ ရက်တွင် ပြောကြားသည်။

နိုင်ငံတကာစွမ်းအင်အေဂျင်စီ၏ ပြောကြားချက်အရ ၂၀၂၂ ခုနှစ်အတွင်းက ကမ္ဘာတစ်ဝန်းတွင် လျှပ်စစ်ကားအရေအတွက်စုစုပေါင်း ၁၀ သန်းကျော် ရောင်းချနိုင်ခဲ့ကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်ကားရောင်းချမှု ၁၄ သန်းအထိ ရှိလာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ပထမသုံးလပတ်ကာလအတွင်းမှာပင် လျှပ်စစ်ကားအရေအတွက် ၂ ဒသမ ၃ သန်းကျော် ရောင်းချခဲ့ရကြောင်းနှင့် ယင်းအရေအတွက်သည် ပြီးခဲ့သည့်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်းခန့်မြင့်တက်လာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်းက လျှပ်စစ်ကားရောင်းချရမှုတွင် ထိပ်ဆုံးကရပ်တည်ခဲ့ပြီး ပြီးခဲ့သည့်နှစ် ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်ကားရောင်းချရမှု၏ ၆၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် ဥရောပတို့သည် လျှပ်စစ်ကားနယ်ပယ်တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဥရောပသည် တရုတ်နိုင်ငံ၏ လျှပ်စစ်ကားကုန်သွယ်မှုတွင် အကြီးမားဆုံးဈေးကွက်ဖြစ်ကြောင်း သိရသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## မအူပင်မြို့တွင် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာပေးသင်တန်း ဖွင့်လှစ်



**မအူပင် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် မအူပင်မြို့တွင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာနေထိုင်ပြီး မိမိတို့၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိန်းသိမ်းမြှင့်တင်ကြစေလိုကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။ ယင်းနောက် မအူပင်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးက မိတ်ဆက်စကားပြောကြားပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ ဒေါ်စန်းက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တိုင်းဒေသကြီးတာဝန်ခံ ဒေါ်အေးကျော့ရီက မိမိတို့ ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မအူပင်ခရိုင်ဦးစီးမှူးနှင့်ငါးလုပ်ငန်းဦးစီးဌာနခရိုင်ဦးစီးမှူးတို့က အသိပညာပေးရှင်းလင်းပြောကြားပြီး မအူပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲတာဝန်ခံ၊ မျိုးစေ့ဌာနခွဲတာဝန်ခံနှင့် သီးနှံကာကွယ်ရေးဌာနခွဲတာဝန်ခံတို့က အသိပညာပေးရှင်းလင်းပြောကြားပြီး သင်တန်းများ ပို့ချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များ ငှားရမ်းပေး

**ကျိုက်ထို မေ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို ယနေ့နံနက်ပိုင်းက ကော့စံနိုင်ရပ်ကွက် ဘောဂနာပိုင်းသို့ သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ စာအုပ်၊စာစောင်များ အခမဲ့ငှားရမ်းပေးရာတွင် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက စာကြည့်တိုက်သို့ အလုပ်မအားလပ်၍ မလာရောက်နိုင်သည့် စာဖတ်ပရိသတ် ပြည်သူများအား အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာပေများ ဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် သုတ၊ ရသ စာအုပ်များကို တစ်ပတ်ငှားစနစ်ဖြင့် ငှားရမ်းပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

❖



## သနပ်ပင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် လုပ်ငန်းရာသီအတွက် ဂရန်အင်းများ လေလံတင်ရောင်းချခြင်း အခမ်းအနားကျင်းပ

**သနပ်ပင် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ခုနှစ် လုပ်ငန်းရာသီအတွက် ပထမအကြိမ် ဂရန်အင်းများ လေလံရောင်းချခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဇော်လွင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်က ဂရန်အင်းလေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်က သနပ်ပင်မြို့နယ်သည် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်သည့်အတွက် အင်းလုပ်ငန်းလုပ်ကိုင်ရာတွင် အင်းသားကြီးများအနေဖြင့် ပိုမို၍ ဂရုတစိုက်လုပ်ကိုင်ပြီး လိုက်နာရမည့်စည်းကမ်းများကို သေချာစွာလိုက်နာကြရန် ရှင်းလင်းပြောကြားသည်။

သနပ်ပင်မြို့နယ်အတွင်း ဂရန်အင်း ၂၇ အင်းရှိပြီး ပထမအကြိမ် အင်းလေလံတွင် ဂရန်အင်း ၂၃ အင်းအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာ ဂရန်အင်း ၁၂ အင်း ရောင်းချနိုင်ခဲ့၍ စုစုပေါင်း အင်းခွန်ငွေကျပ်သိန်း ၃၀၁၁၀၀၀၀ ရရှိခဲ့ပြီး ယနေ့အချိန်အထိ စုစုပေါင်း အင်းခွန်ငွေကျပ်သိန်း ၄၃၄၁၄၀၀၀ နိုင်ငံတော်ဘဏ္ဍာငွေရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေးရွာနေ သီဟနိုင်(ခ) ကိုမန်းသည် ၎င်းအသုံးပြုသည့် “Thiha Naing” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်

**အနောက်တောင်မုတ်သုံလေဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်းအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ၂၀၂၃ ခုနှစ် ဇွန်လ (၁ - ၆) ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နယုန်လဆန်း ၁၄ ရက်နေ့မှ နယုန်လပြည့်ကျော် (၄)ရက်နေ့)အတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရာရှိပြီး၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမရက်သတ္တပတ် (မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တော်သလင်းလပြည့်ကျော်ခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်။

**မိုးဦးကာလ ခန့်မှန်းချက်**

မိုးဦးကာလသည် ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိ ဖြစ်ပါသည်။ မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်သာမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်၊ ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် ဘီးလင်းမြစ်တို့တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

**မိုးလယ်ကာလ ခန့်မှန်းချက်**

မိုးလယ်ကာလသည် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လကုန်အထိဖြစ်သည်။ မိုးလယ်ကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားကောင်းနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့်မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် တစ်ကြိမ်ခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုးနှောင်းကာလ ခန့်မှန်းချက်**

မိုးနှောင်းကာလသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိဖြစ်သည်။ မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ် ဖြစ်ပေါ်နိုင်ပြီး၊ တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင် မုတ်သုံလေသည်အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့်မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင်တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

## ၂၀၂၃ ခုနှစ် မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**၂၀၂၃ ခုနှစ် မိုးဦးကာလ သတ်မှတ်ခြင်း**

၂၀၂၃ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၂၃ ခုနှစ် ဇွန်လကုန်အထိဖြစ်သည်။

**၂၀၂၃ ခုနှစ် မုတ်သုံလေဝင်ရောက်နိုင်မှုအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာ ရှိပါသည်-

(က) မေလ (၁၃ - ၁၈) ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊

(ခ) မေလ (၁၉ - ၂၄)ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊

(ဂ) မေလ (၂၅ - ၃၁) ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့်

(ဃ) ဇွန်လ (၁ - ၆) ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်သာမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်၊ ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် ဘီးလင်းမြစ်တို့ တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

မိုး/ဇလ

# မွေးမြူရေးထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ဆေးပညာလောက တိုးတက်ရေးညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဧပြီ ၂၇**

မွေးမြူရေးထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ဆေးပညာလောက တိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ မြန်မာနိုင်ငံဆေးပညာကောင်စီနှင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပြည်သူများ၏ စားသောက်မှုစနစ် ပြောင်းလဲလာမှုနှင့်အတူ အသားစားသုံးမှု တိုးတက်လျက်ရှိရာ အစားအစာဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် အသား၊ ငါးလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အနေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင် မွေးမြူရေးဆိုင်ရာတိုးတက်ရေးနှင့် တိရစ္ဆာန်ဆေးပညာလောက တိုးတက်ရေးအတွက် နိုင်ငံတော်က အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုအဖြစ် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးကဏ္ဍ၏ ထုတ်လုပ်မှုမြင့်မားရေးနှင့် အရည်အသွေးကောင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကျွမ်းကျင်သောလူသားအရင်းအမြစ်များ ယခုထက်များစွာလိုအပ်လျက်ရှိရာ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်အနေဖြင့် အထူးပြုဘာသာရပ်အလိုက်၊ နည်းပညာရပ်တစ်ခုချင်းအလိုက် ထူးချွန်သူများပေါ်ထွန်းလာရေးအတွက် စူးစူးစိုက်စိုက် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက်လျာထားချက်၊ မွေးမြူရေးထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ဆေးပညာလောက တိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့် ဦးစားပေးအလိုက် လုပ်ငန်းစဉ်များ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးပြီး သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဇေယျာသီရိမြို့နယ်၌ သန်းခေါင်စာရင်းယူနစ်များနှင့် စာရင်းကောက်ကွက်မြေပုံများ ဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်



ဇေယျာသီရိ မေ ၂၇

ဇေယျာသီရိမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်း၏ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းတစ်ခုဖြစ်သည့် GIS နည်းပညာကို အသုံးပြုပြီး သန်းခေါင်စာရင်း ယူနစ်များ (Gensus Units)နှင့် စာရင်းကောက်ကွက်မြေပုံများ ဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေ ၂၅ ရက်က နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဇေယျာသီရိမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များ ဖြစ်ကြသည့် အောင်ဇေယျ၊ ပြည်စံအောင်နှင့် ပုပ္ပါးကုန်းရပ်ကွက်များကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနရုံး၌ အခြေပြု၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အား ဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လင်းလင်းမာက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် တိုက်နယ်မှူးများ၊ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

✪ **ကျောဖုံးမှ**

အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် ဆိုက်ရောက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆိုက်ရောက်ခရီးသည်များအား အမှတ်တရလက်ဆောင်များနှင့် Key Chain များပေးအပ်၍ ဝမ်းမြောက်ပျူငှာနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

Xiamen Airlines သည် ရန်ကုန်မြို့ -ရှာ့မန်မြို့ တိုက်ရိုက်ခရီးစဉ်များကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တိုင်း ရက်သတ္တ တစ်ပတ်လျှင် သုံးကြိမ် တိုက်ရိုက်ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသည်များအနေဖြင့် မိမိတို့၏ ခရီးစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို https://www.xiamenair.com/en-ww/တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဝန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိသည့် YACL အနေဖြင့် မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့အစည်းတို့၏ လမ်းညွှန်ချက်များနှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိကာ နိုင်ငံတကာ လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲရာ၌ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လေဆိပ်ဝန်ဆောင်မှုကို အသုံးပြုသူခရီးသွားများ သိရှိလိုက်နာရန် ခရီးသွားရာ နိုင်ငံအလိုက် လိုအပ်သော ဆိုက်ရောက်/ထွက်ခွာ ပြည်အဝင်အထွက် ကန့်သတ်ချက်များကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်အသိပေးလျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် လေဆိပ်အသုံးပြုသူ ဆိုက်ရောက်/ထွက်ခွာ ခရီးသည်ပေါင်း ၂၁၄၉၂၀၂ ဦးနှင့် လေကြောင်းခရီးစဉ် ပျံသန်းပြေးဆွဲမှု အကြိမ်ရေ ၃၃၇၅၀ အထိ ဝန်ဆောင်မှုများ ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

## ထားဝယ်မြို့နယ် အလယ်ကုန်းကျေးရွာသို့ သောက်သုံးရေ လှူဒါန်း



ထားဝယ် မေ ၂၇

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကုန်းကျေးရွာတွင် ပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် မေ ၂၇ ရက်က သောက်သုံးရေ ဂါလန် ၃၂၀၀ ကို ကျေးရွာအရောက် လှူဒါန်းခဲ့သည်။

သောက်သုံးရေများ ဖြန့်ဝေပေးရာတွင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်နှင့် ဝန်ထမ်းများက အလယ်ကုန်းကျေးရွာရှိ အိမ်ခြေ ၁၆၄ အိမ်၊ လူဦးရေ ၂၈၂ ဦးအတွက် သောက်ရေသန့်စင်ကား အသုံးပြုပြီး သောက်ရေဂါလန် ၃၂၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**၂၂၂**

❍ **အာရှဖလားမှ**

အုပ်စု(F)တွင် သုံးသင်းပါဝင်ပြီး နိုင်ပွဲကိုယ်စီရထားသည့် မြန်မာနှင့် အိန္ဒိယပွဲမှာ ဒုတိယအဆင့်ခြေစစ်ပွဲတက်ရောက်ရေး အဆုံးအဖြတ်ပွဲကစားရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် အိန္ဒိယအသင်းသည် အိမ်ရှင်ကာဂျစ္စတန်အသင်းနှင့်ယှဉ်ပြိုင်သည့်ပွဲတွင် တစ်ဂိုး-ဂိုးမရှိရလဒ်များဖြင့် အနိုင်ရထားပြီး ယခုပွဲအနိုင်ရသည့်အသင်းမှာ နောက်တစ်ဆင့်တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ယင်းနှစ်သင်းစလုံးမှာ ကာဂျစ္စတန်ကို တစ်ဂိုး-ဂိုးမရှိရလဒ်ဖြင့်သာ အနိုင်ရထားသဖြင့် သရေကျနေပါက ပင်နယ်တီကန်၍ အဆုံးအဖြတ်ခံယူရမည်ဖြစ်သည်။

ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး မေ ၂၆ ရက်ပွဲစဉ်များအပြီးထိ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်ရသည့် အသင်းနှစ်သင်းသာ ထွက်ပေါ်သေးသည်။ အုပ်စု(C)နှင့် (G) ပွဲစဉ်များ ကျင်းပပြီးစီးထားပြီး အုပ်စု(C)တွင် ဗီယက်နမ်အသင်း၊ အုပ်စု(G)တွင် ဖိလစ်ပိုင်အသင်းတို့ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ထားပြီးဖြစ်သည်။

**ကိုညီလေး**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၀ | ၂၀၆၀ | ၂၀၅၅ | ၂၀၂၀ | ၂၀၆၀ | ၂၀၈၀ | ၂၀၆၅ | ၂၀၄၅ | ၂၁၄၀ | ၂၁၆၀ | ၂၀၅၀ | ၂၀၆၀ | ၂၀၉၅ | ၂၀၉၅ | ၂၁၀၀ | ၂၃၃၀ | ၂၈၁၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၃၅ | ၂၁၀၀ | ၂၂၁၀ | ၂၂၂၅ | ၂၁၀၅ | ၂၁၃၅ | ၂၁၆၀ | ၂၁၆၅ | ၂၁၆၅ | ၂၃၉၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၂၀၇၀ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၃၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၁၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၁၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၆ | ၁၉၇၇ |
| 95 Ron | ၁၉၇၀ | ၂၀၄၃ |
| HSD (500 ppm) | ၁၈၂၀ | ၁၈၈၇ |
| HSD (50 ppm) | ၁၈၉၅ | ၁၉၆၂ |
| HSD (10 ppm) | ၁၈၉၅ | ၁၉၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအတန်းများအတွက် စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ



မန္တလေး မေ ၂၇

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအတန်းများအတွက် စာမေးပွဲအောင်စာရင်းများကို ယနေ့တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သက်ဆိုင်ရာ ကျောင်းများအလိုက် ထုတ်ပြန်ကြေညာခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌လည်း နံနက်ပိုင်းမှစတင်၍ အခြေခံပညာ အတန်းများအတွက် စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြပြီး တာဝန်ကျဆရာ ဆရာမများက စနစ်တကျနှင့် စည်းကမ်းတကျ ကြည့်ရှုနိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၁၄၄၄၃ ဦးတက်ရောက်ပညာသင်ကြားနိုင်ခဲ့ပြီး ယနေ့အောင်စာရင်း ထုတ်ပြန်မှုအနေဖြင့် KG မှ ကျောင်းတွင်းစစ် အတန်းအားလုံး စုစုပေါင်းဖြေဆိုကျောင်းသား ကျောင်းသူ ၆၉၈၉၈၁ ဦးရှိကာ အောင်မြင်မှုအနေဖြင့် ၆၉၈၉၈၁ ဦးရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (စီမံ) ဦးခင်မောင်ထွေးက ပြောကြားသည်။

"ကျောင်းသား မိဘတွေအနေနဲ့ မိမိတို့ရဲ့ ကျောင်းနေအရွယ်ကလေးတိုင်းကို မဖြစ်မနေ ကျောင်းအပ်ကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ၎င်းက ပြောကြားသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၄၂၇၀၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၂၀၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၃၀ ရှိကြောင်း သိရသည်။ **မောင်အေးချမ်း**




# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်း ထွက်ခွာ

ရန်ကုန် မေ ၂၇

မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းသည် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မေ ၂၇ ရက် ည ၇ နာရီက ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းတွင် အုပ်ချုပ်သူ-ဦးစည်သူဝင်း၊ နည်းပြချုပ်-ဖိုက်အွန် ဘိုင်နာ (ဂျာမနီ)၊ လက်ထောက်နည်းပြများအဖြစ် လောရင့်ဇ်၊ ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြ-အန်ဒရီ၊ ဦးဇော်လင်းအောင်၊ ကြံ့ခိုင်ရေးနည်းပြ-ရစ်ချက်၊ ဆရာဝန်-ဒေါက်တာကျော်သန့်ဇင်၊ မီဒီယာတာဝန်ခံ-ဦးဇော်မင်းထိုက်၊ အားကစားသမားများအဖြစ် ဂိုးသမား-ပြည့်ဖြိုးသူ (ရတနာပုံ)၊ ဟိန်းထက်စိုး (ရှေ့ဝတီ)၊ နောက်တန်း- ရှင်းသန့်အောင် (ဟံသာဝတီ)၊ ကောင်းထက်ပိုင် (ရတနာပုံ)၊ ထူးမြတ်ခန့် (ကချင်ယူနိုက်တက်)၊ လတ်ဝေဘုန်း (ရှမ်းယူနိုက်တက်)၊ သက်ဟိန်းစိုး (ရတနာပုံ)၊ ညဏ်လင်းထက် (ရန်ကုန်)၊ နောင်နောင်စိုး (ရတနာပုံ)၊ အလယ်တန်း-အောင်မျိုးခန့် (ရတနာပုံ)၊ အာကာကျော် (မဟာယူနိုက်တက်)၊ ရန်ကျော်စိုး (ရန်ကုန်)၊ ဇော်ဝင်းသိန်း (ရန်ကုန်)၊ ရဲရင့်ဖြိုး (ရှေ့ဝတီ)၊ ခွန်ကျော်ဇင်ဟိန်း (ဟံသာဝတီ)၊ ရှေ့တန်း-ချစ်အေး (ရတနာပုံ)၊ ဥက္ကာနိုင်(ရန်ကုန်)၊ စွမ်းထက် (ရတနာပုံ)၊ အောင်သီဟ (ရှေ့ဝတီ)နှင့် ဟိန်းထက်အောင် (ဆီလန်ဂေါ၊ မလေးရှား) တို့ ပါဝင်ကြသည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၂၉ ရက်မှ မေ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် အိမ်ရှင်ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တီမောတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မေ ၂ ရက်တွင် တီမောအသင်း၊ မေ ၄ ရက်တွင် အင်ဒိုနီးရှားအသင်း၊ မေ ၇ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ မေ ၁၀ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ-MFF**

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၂၉ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၁၇) တွင် ဖွေးဥသည် သူ့အဖေဇာတိရွာသို့ အလည်လိုက်သွားစဉ် ကဆုန်လပြည့်နေ့၊ ညောင်ရေသွန်းပွဲနှင့် တိုက်ဆိုင်၍ ဘုရားဝင်းအတွင်း ဗောဓိညောင်ပင်ကို သန့်ရှင်းရေး ဝိုင်းကူပေးခြင်းဖြင့် ကုသိုလ်ယူထားသည့်အကြောင်း တင်ဆက်ထားသော "ကဆုန်ညောင်ရေသွန်းပွဲ" မျက်နှာဖုံးလေးမျက်နှာကာတွန်း၊ ကြောက်စရာအကောင်းဆုံး ရန်သူသည် တိရစ္ဆာန်မဟုတ်ဘဲ ဒေါသစိတ်သာဖြစ်သည် ဆိုသည့် အကြောင်း တင်ဆက်ထားသည့် "ကြောက်စရာအကောင်းဆုံးရန်သူ" နှစ်မျက်နှာကာတွန်း၊ သူစားသည့် ကြက်ဆီထမင်းဆိုသည်မှာ ထမင်းကို ဆီဆမ်းပြီး ကြက်သွန်ဖြူနှင့် စားခဲ့သည်ဟု ဟာသဖြစ်ဖွယ်ပြောထားသည့်အကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ ငှက်အုပ်စုရန်မှ ကာကွယ်ပေးလိုက်သည့် ဝတ်ရည်စုပ်ငှက်လေး၏ ကျေးဇူးကိုပြန်ဆပ်သည့် ပေါက်ဖတ်လေး အကြောင်း တင်ဆက်ထားသော "သူငယ်ချင်းကောင်း" နှစ်မျက်နှာကာတွန်း၊ စက္ကူလှေလေးသည် သူ၏ အလှအပပေါ် မာန်တက်ခဲ့သော်လည်း မိုးရေကြောင့် သူ့ဘဝပျက်စီးသွားရသည့်အကြောင်း တင်ဆက်ထားသည့် "မမြဲသောအလှ" နှစ်မျက်နှာကာတွန်း၊ ကဆုန်လတွင် လေညင်းများတိုက်ကာ စကားပန်း




များပွင့်ပုံ၊ ရေအိုးကိုယ်စီ ခေါင်းမှာရွက်ပြီး ညောင်ရေသွန်းလောင်းပုံနှင့် ငါးများလွှတ်ပုံ အကြောင်း ရေးဖွဲ့ထားသည့် "ညောင်ရေသွန်းပွဲတော်" ကဗျာကဏ္ဍ၊ ဘုန်းဆင့်သူ ဂစ်တာတီးပြီး သီချင်းဆိုသည်ကို နားထောင်မည်ဆိုလျှင် ဂွမ်းပါဆောင်သွားသင့်ကြောင်း တင်ဆက်ထားသည့် "ဘုန်းဆင့်သူ-အဆိုကျော်" မျက်နှာဝက် ကာတွန်း၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

● **မန်စီးတီးအသင်းမှ**

အဲဒီပွဲစဉ်မှာ နှစ်သင်းစလုံးအတွက် ပရီမီယာလိဂ်ဖလားရရှိရေး မျှော်လင့်ချက် ပိုမိုခိုင်မာစေမယ့်ပွဲစဉ်ဖြစ်တာကြောင့် နှစ်သင်းစလုံးဟာ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာခဲ့ပြီး ပထမပိုင်းမှာ မန်စီးတီးအသင်းက ဒီဘရိုင်းရဲ့သွင်းဂိုး၊ ဂွန်စတုန်းရဲ့သွင်းဂိုးတွေနဲ့ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒုတိယပိုင်းမှာ အာဆင်နယ်အသင်းက ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းခဲ့ပေမယ့် မန်စီးတီးအသင်းကသာ ပွဲကစားချိန် ၅၄ မိနစ်မှာ ဒီဘရိုင်းရဲ့သွင်းဂိုးထပ်မံရရှိခဲ့လို့ သုံးဂိုးပြတ်နဲ့ အီတီဟက်ဒ်မှာ မန်စီးတီးအသင်းက ဦးဆောင်နိုင်ခဲ့ပြီး ပွဲကစားချိန် ၈၆ မိနစ်မှာ ဟိုးဒင်းရဲ့သွင်းဂိုးနဲ့ အာဆင်နယ်အသင်း ချေပဂိုးတစ်ဂိုးပြန်လည် ရရှိခဲ့ပါတယ်။

ဒါကြောင့် မန်စီးတီးအသင်းက သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ငါးမိနစ်မှာ ဟာလန်းက တစ်ဂိုးသွင်းယူပေးခဲ့လို့ အာဆင်နယ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ မန်စီးတီးအသင်းဟာ ဇယားထိပ်က အာဆင်နယ်ထက် နှစ်ပွဲလျော့ကစားထားပြီးချိန်မှာ ၇၃ မှတ်ရရှိခဲ့တာကြောင့် အာဆင်နယ်အသင်းနဲ့ နှစ်မှတ်ကွာအနေအထားကို ရောက်ရှိလာခဲ့ပြီး ပရီမီယာလိဂ်ဖလားကို သုံးရာသီဆက်ဆွတ်ခူးနိုင်မယ့်မျှော်လင့်ချက် ဆက်လက်ရှင်သန်စေခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့လို့ ၂၀၁၅ ခုနှစ်နောက်ပိုင်း အီတီဟက်ဒ်မှာ အနိုင်မရရှိခဲ့တဲ့ မှတ်တမ်းဆိုးကို မချေဖျက်နိုင်ခဲ့တဲ့အပြင် ၂၀၀၃-၂၀၀၄ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်မယ့်အခွင့်အရေး နည်းပါးလာခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

# မှော်ဘီမြို့နယ်ခွဲ(၂၀၂၃-၂၀၂၄) စီမံကိန်းလုပ်ငန်းများ တာဝန်ပေးအပ်ပွဲကျင်းပ

မှော်ဘီ မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင်၏(၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မှော်ဘီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခရိုင်အတွင်း တိုင်းဒေသကြီး



ဘဏ္ဍာရေးရန်ပုံငွေဖြင့် ကျပ်ဘီလီယံပေါင်း ၃၅ ဒသမ ၆၅၆ တန်ဖိုးရှိ လုပ်ငန်း ၂၂၀ ကို ရရှိခဲ့ကြောင်း၊ မှော်ဘီမြို့နယ်အတွက် ကျပ်ဘီလီယံပေါင်း ၂၂ ဒသမ ၁၀၄ နှင့်လုပ်ငန်း ၁၃၀ ၊ ထန်းတပင်မြို့နယ်အတွက် ကျပ်ဘီလီယံပေါင်း ၁၃ ဒသမ ၅၅၂ နှင့် လုပ်ငန်း ၉၀ ရရှိပြီး လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို သုည ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၅ ဒသမ ၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်စေရန် ရည်မှန်းထားကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသန္တရ စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခရိုင်အဆင့် ဌာနဆိုင်ရာများ ကိုယ်စား ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ရင်းနှီးမြှုပ်နှံမှု လျာထားချက်များအား ခရိုင်လမ်းဦးစီးမှူးနှင့် မြို့နယ်အဆင့်ရည်မှန်းချက် တာဝန်များအား မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၂၇

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၆-၄-၂၀၂၃ ရက်မှအဆက်

“သလိုကွ၊ ငါတော့ ကိုဖိုးလုံးကြီးကို သိပ်မသင်္ကာဘူး။ ငါ့ကို သလိုထန်းရည်ကောင်းတွေ ချန်ထားပြီး မကောင်းတာတွေကို စုပေါင်းတဲပေးအောင် ပြောနေတာက ခဏခဏမဟုတ်လား။ ငါ့လိုပဲ တခြားလူ အချို့ကိုလည်း ပြောတယ်ထင်တယ်ကွ”

“အေး ဟုတ်တယ်ဗျ။ ကျွန်တော်လည်း ဒီလိုပဲ ထင်တယ်။ ဒါကြောင့်မို့ထင်ပါရဲ့၊ တစ်ခါတစ်ခါ စုပေါင်းတဲကထန်းလျက်ဟာ သိပ်ဆိုးလာတာ တွေ့ရတယ်”

“အေး၊ ဒီတော့ သူဟာ စေတနာလိုလိုနဲ့ စုပေါင်းလုပ်ငန်းကို ပျက်အောင်ဖန်တီးနေတာနဲ့ တူမနေဘူးလား”

ဆယ်ရင်၏ ထင်မြင်ချက်စကားများမှာ ကိုအေးဆွေအဖို့ စဉ်းစားစရာဖြစ်လာသည်။

“ငါတော့ သူ့စေတနာဟာ မရိုးသားဘူးလို့ ထင်တယ်ကွာ”

ကိုအေးဆွေ၏ ဦးနှောက်တွင်းဝယ် အတွေးတစ်ချက်က ဖျတ်ခနဲဝင်လာသည်။

“ကဲ ကိုဆယ်ရင်၊ ဒီကိစ္စဟာ ပေါ့နေလို့တော့ မဖြစ်ဘူးဗျ။ ဒီတော့ ခင်ဗျား တခြားလူတွေကိုလည်း အမှတ်မထင် တီးခေါက် မေးကြည့်စမ်းပါဦး။ ပြီးတော့ ကိုဖိုးလုံးကြီးရဲ့ ထန်းပိုင်ရှင်တွေနဲ့ ဆက်သွယ်မှုကိုလည်း အကဲခတ်စမ်းပါဦး၊ ဟုတ်လား”

x x x

“ဦးလေးစံ တော်တော် တလောက ကျွန်တော် ကိုဖိုးလုံးတို့အကြောင်းကို ပြောခဲ့တယ်မဟုတ်လား။ အဲဒါ ဒီပြင်လူတွေက အရင်လို ထန်းရည်ပေးတဲ့နေရာမှာ အမှန်အကန်ဖြစ်လာပေမဲ့ ကိုဖိုးလုံးနဲ့ ဦးဖိုးမှိန်တို့ကျ တစ်ခါတစ်ခါ ထန်းရည်ပေးမမှန်ဘူး။ နည်းတဲ့အခါ သိပ်နည်းပြီး ဆိုးတဲ့အခါ သိပ်ဆိုးတယ်။ ကျွန်တော်က အကျိုးအကြောင်း မေးလိုက်တိုင်း “ထန်းရည်မကောင်းဘူး၊ ထန်းရည်ဆုတ်လာတယ်” နဲ့ချည်း ပြောပြောနေတယ်။ ကျွန်တော်လည်း အဲဒါ သူတို့ကို ဒီလို အများနဲ့ စုပေါင်းလုပ်တဲ့အခါမှာ ဒီလိုမလုပ်ဖို့အကြောင်း ပြောပါရဲ့။ ဦးဖိုးမှိန်တဲက ဆင်ခြင်သွားပေမဲ့ ကိုဖိုးလုံးတဲကတော့ ဒီလိုပဲ မကြာခဏ လုပ်လုပ်နေတယ်။ အဲဒါ ဘယ်လိုလုပ်မလဲ ဦးလေးစံ”

ကိုအေးဆွေ၏ ပြောပြချက်များကို ဦးစံကျော်က ကြားရသောအခါ တွေတွေကြီး စဉ်းစားနေသည်။

“ကျွန်တော်ထင်တာတော့ ဦးလေးစံ။ ဒီလို ကိုဖိုးလုံးတို့ မကြာမကြာ ညစ်ပတ်နေမှုကြောင့် ထန်းလျက်အထွက်နည်း၊ ထွက်တဲ့ထန်းလျက် ကျတော့လည်း မကောင်း။ ဒီတော့ ဈေးကျတော့လည်း ဈေးနှိမ်ခံရပြီး တစ်လပြီးတစ်လ ဆိုသလို ဒီလမှာလည်း အရင်လတွေထက် ငွေကျန်နည်းသွားတယ်လို့ ထင်တာပဲ”

ဦးစံကျော်မှာ အတော်ပင် ဦးနှောက်ခြောက်သွားပုံရသည်။ အတန်ငယ်ကြာမှ -

နေပါဦး မောင်အေးဆွေရဲ့။ သည်ကိစ္စနဲ့ပတ်သက်လို့ ဆရာကြီးဦးလှဒင်ဆီသွားပြီး မတိုင်ပင်ရသေးဘူးလား။ အင်း၊ ငါကလည်း အလုပ်တစ်ဖက်နဲ့ဆိုတော့ မင်းပြောမှပဲ ဒီအခြေအနေထိဖြစ်နေတယ်ဆိုတာကို သိရတော့တယ်ကွာ။ အိမ်ကမယ်လှပိုကတော့ ထန်းလျက်တွေ မကောင်းဘူး၊ မကောင်းဘူးနဲ့ ခဏခဏ ပြောနေသံတော့ ကြားသားပဲ”

“ဟုတ်ကဲ့ ဦးလေးစံ၊ တမြန်နေ့က ကျွန်တော် ဆရာကြီးဆီသွားပြီးတော့ ဒီကိစ္စကို တင်ပြဆွေးနွေးခဲ့ပြီးပါပြီ”

“ဟင်၊ သလိုဆိုရင် ဆရာကြီးက ဘယ်လိုအကြံဉာဏ်တွေပေးလိုက်သလဲ”

ဦးစံကျော်က သိလိုဇောပြင်းပြစွာဖြင့် ကိုအေးဆွေအား အလျင်စလို မေးလိုက်၏။

“ဆရာကြီးက ဒီလိုဆိုရင် အဖွဲ့ကတာဝန်ခံပြီး ထန်းရည်သိမ်းယူတဲ့။ ဒုတိယအဆင့်နဲ့ လုပ်လိုက်ရင် ကောင်းတဲ့ထန်းရည်ကိုယူထားပြီး မကောင်းတဲ့ ထန်းရည်ကိုပေးတဲ့ ညစ်ပတ်မှုဟာ ပျောက်ပြီးသားဖြစ်သွားလိမ့်မယ်တဲ့”

“အေး၊ ဟုတ်သယ် ဟုတ်သယ်”

ဦးစံကျော်က ဝမ်းသာအားရဖြင့် မြည်တမ်းရင်း ခေါင်းတဆတ်ဆတ် ညိတ်နေ၏။ သူ့မျက်နှာမှာလည်း ယခုမှ စိတ်လက်ပေါ့ပါးသွားဘိအလား ပြုံးပြုံးကြီး ဖြစ်နေပေတော့၏။

“ကဲ၊ မောင်အေးဆွေ။ သလိုဆိုရင် ဒီနေ့ညမှာ အမှုဆောင်အစည်းအဝေးခေါ်ပြီး သလို ဒုတိယအဆင့်ကိုလုပ်ဖို့ တင်ပြကွာ။ အမှုဆောင်အဖွဲ့က သဘောတူတယ်ဆိုရင် နက်ဖြန်ခါ လချုပ်ရှင်းတမ်း အစည်းအဝေးမှာ တစ်ခါတည်း အများဆန္ဒယူပြီး လုပ်ရအောင်။ အင်း၊ ခုမှပဲ ငါ့ရင်ထဲ ပေါ့သွားတော့တယ်ကွာ။ တော်တော်လည်း အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်ကြီးပဲဟေ့။ မောင်အေးဆွေတို့ဆရာကြီးကတော့”

[ ၁၉ ]

“ဘွမ်၊ ဘွမ်၊ ဘွမ်”

ထိုအသံနှင့်အတူ တောင်လေအဟွေ့တွင် ထန်းလျက်နွေးနံ့လေးသည် ထန်းလျက်ကျိုချက်နေသော စုပေါင်းတဲဆီမှ သင်းပျံ့လာသည်။

ကိုအေးဆွေသည် ခုတင်ပေါ်ရှိ အိပ်ရာထက်တွင် လဲလျောင်းနေရင်း မောင်စူးစမ်းရေးသည့် “မှော်က်စ်ဘောဂဗေဒ” စာအုပ်ကို ဖတ်လျက်ရှိ၏။ စာအုပ်မှာ ဝတ္ထုစာအုပ်မဟုတ်ပေ။ ဆိုရှယ်လစ်စီးပွားရေး အကြောင်းကိုရေးသည့် သဘောတရားရေး ပညာပေးစာအုပ်ဖြစ်သဖြင့် တစ်ခါတစ်ရံ ဖတ်ရင်းဖတ်ရင်း နားမလည်သော၊ မရှင်းလင်းသော နေရာသို့ ရောက်သွား၏။ ထိုအခါ ဦးနှောက်ခြောက်သွားပြီး စိတ်ဝင်စားမှုမရှိတော့။ စာအုပ်ကို ချထားလိုက်ရ၏။ ထိုနောက် ဆရာကြီးဦးလှဒင်ထံ သွားရောက်၍ မေးမြန်းဆွေးနွေးရ၏။ သို့ဖြင့် ဤစာအုပ်ကို စိတ်ဝင်စားသည့်အခါမှသာ ကောက်ဖတ်ရတော့၏။ တကယ်တော့လည်း ကိုအေးဆွေမှာ ယခုမှ ဆရာကြီးဦးလှဒင်၏ ညွှန်ကြားချက်ဖြင့် မှော်က်စ်ဝါဒနှင့် ပတ်သက်သော ဆိုရှယ်လစ်စီးပွားရေးစနစ်ဆိုင်ရာ သဘောတရားစာအုပ်စာတမ်းများကို ကောင်းနိုးရာရာ ရွေးချယ်၍ ဖတ်နေရ၏။

ယခုလည်း ဖတ်ရင်းဖတ်ရင်း စိတ်ဝင်စားမှု မရှိတော့ပေ။ ကိုအေးဆွေ၏အာရုံထဲသို့ ထန်းလျက်အိုးမွှေသံများက ထိုးဖောက်လာလေ၏။

“ဘူမ် ဘွမ်၊ ဘူမ် ဘွမ်”

ဤအသံများကို အဆက်မပြတ် တရစပ်ကြားနေရ၏။ ဒယ်အိုးတစ်လုံးတည်း မွှေသံကားမဟုတ်။ နှစ်လုံး သုံးလုံး ပြိုင်၍မွှေနေသံများ ဖြစ်သည်။ ထို့ကြောင့် ကိုအေးဆွေသည် စာအုပ်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီးလျှင် စုပေါင်းတဲဘက်ဆီသို့ ထွက်လာခဲ့လေသည်။

စုပေါင်းထန်းလျက်ကျိုချက်သော တဲတန်းရှည်ကြီးနှစ်ခုသည် ဦးစံကျော်တို့တဲနှင့် ဦးထွန်းဖေတို့တဲများ၏ အရှေ့ဘက်တွင်ရှိသည်။ တဲတန်းရှည်ကြီးများကို တောင်နှင့်မြောက် အရှည်ထား၍ ဆောက်လုပ်ထား၏။ တဲတန်းကြီးများ၏ အရှည်မှာ ၈ ပေခန်း၊ ၁၀ ခန်း ဖွင့်ထားသော ပေ ၈၀ စီရှိသည့် တဲတန်းရှည်ကြီးများဖြစ်၍ အနံအကျယ်မှာ ၁၆ ပေစီ ရှိလေသည်။ ၎င်းတို့နှစ်ခုကို တံစက်မြိတ်ချင်းဆက်၍ ဆောက်လုပ်ထား၏။

တဲတန်းကြီးထဲသို့ ကိုအေးဆွေဝင်မိလျှင်ပင် လုံးပြီးထန်းလျက်များကို တဲရိပ်ထဲမှာပင် ထိုမှ ဤမှ နေရာရွှေ့၍ လှန်းသူများ၊ ဒယ်အိုးထဲမှ ထန်းလျက်နွေးများကို ကြီးကြီးလုံးပေးနေသူများ၊ ၎င်းမှ တစ်ဆင့် ထန်းလျက်အလုံးငယ်များအဖြစ်သို့ ရေကို ကိုင်လိုက်၊ ထန်းလျက်ကိုလုံးလိုက်ဖြင့် ယက်ပဲ့ (ဗန်း) ထဲသို့ ပစ်ကာပစ်ကာ ထည့်နေသော ထန်းလျက်လုံးနေသူတို့အပြင် မီးလင်းဖိုများပေါ်၌ အငွေ့တထောင်းထောင်းထနေသော ဒယ်အိုးများထဲရှိ ထန်းရည်များကို အခြားဒယ်အိုးများထဲသို့ ခပ်ယူပြောင်းထည့်နေသူများအားလည်းကောင်း၊ မီးလင်းဖိုအဖျားဘက်တွင် တည်ထားသော ဖျဉ်းအိုးများထဲမှ ထန်းရည်များကို မီးဖိုအရင်းဘက်ရှိ ဒယ်အိုးများထဲသို့ ရွှေ့ပြောင်းထည့်နေသူများအားလည်းကောင်း မျက်စိရှုပ်ခမန်း တွေ့မြင်နေရသည်။

တဲတန်းကြီး၏ တောင်ဘက်ဖျားတွင် အထက်ပါ မြင်ကွင်းမှ ခေါင်းတိုင်တပ် မီးလင်းဖိုသုံးခု ပြုလုပ်ထားလျက်ရှိ၏။ မီးဖိုတစ်ခုစီပေါ်တွင် ဒယ်အိုးကြီး ငါးလုံးစီနှင့် ဖျဉ်းအိုးကြီးသုံးလုံးစီ တင်ကာ တည်ထားကြသည်။ ၎င်းတို့ရှိ ထန်းရည်များမှ အငွေ့များသည် တလူလူထွက်လျက်ရှိ၏။ ဒယ်အိုးများမှ ထန်းရည်များသည် ကျိုက်ကျိုက်ဆူလျက်ရှိ၏။

၎င်းနေရာတွင် တာဝန်ကျသူများသည် တစ်ဦးနှင့်တစ်ဦး ရယ်ကာမောကာ ပြောဆိုကြရင်း မီးကြည့်၍ ထိုးနေသူက ထိုးနေသလို၊ ယောက်မကြီးများဖြင့် ဒယ်အိုးထဲရှိ ထန်းရည်ပူများကို မွှေနေသူများက မွှေနေသည်။ ထို့အတူ အရိုးရှည်တပ်ထားသော အုန်းမှုတ်ခွက်ဖြင့် ဖျဉ်းအိုးထဲမှ ထန်းရည်များကို အခြားဒယ်အိုးများထဲသို့ ခပ်ယူထည့်နေသူကလည်း သူ့တာဝန်အရ ထည့်နေသည်။ ဒယ်အိုးများကို အောက်ချ၍ ထန်းလျက်သားတက်လာအောင် မွှေနေသူများကလည်း မွှေနေသည်။

တဲတန်းကြီး၏ အလယ်လောက်တွင်မူ စောစောမြင်ကွင်းထဲမှ ထန်းလျက်လုံးနေသူများအား တပျော်တပါးကြီး တွေ့နေရ၏။ တဲတန်းကြီးထဲရှိ အလုပ်လုပ်နေသူများသည် အမျိုးသားအနည်းငယ်နှင့် အမျိုးသမီးများချည်းသာ လုပ်နေကြသည်။ ကပ်လျက် တစ်ဖက်ရှိတဲတန်းရှည်ထဲမှာမူ အဆင့်ဆင့်ပြုလုပ်ထားသော စင်များပေါ်တွင် ထန်းလျက်များ လှန်းထားသည်တို့ကို တွေ့မြင်နေရသည်။

ဤမည်သော အလုပ်တွေကြားထဲမှ ထန်းလျက်လုံးနေသော အမျိုးသမီးအုပ်စုထဲတွင် ထွေးရီအား သနပ်ခါးအဖွေးသားဖြင့် တွေ့ရ၏။

